

# ထီးအလှူ ကြီးသူပ ဖြစ်မြဲ

ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ·စ·အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊

တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သာသနာ-၂၅၆၀ ခရစ်-၂၀၁၇ ကောဇာ-၁၃၇၈

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင် တရားဓမ္မအလှူသည် အမြတ်ဆုံး

သို့

--------------------

--------------------

--------------------

မှ

--------------------

--------------------

--------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ--------------

# ထီးအလှူ ကြီးသူပ ဖြစ်မြဲ

## လှရတနာ စာစဉ် (၆၃)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်,

ဝင့်သကာ, ပါဠိပါရဂူ, သ-စ-အ ဓမ္မာစရိယ

တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

သာသနာ- ၂၅၆၀- ကောဇာ- ၁၃၇၈- ခရစ်- ၂၀၁၇၊

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၇-မတ်လ။

အုပ်ရေ - ၁၀၀၀

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပုံနှိပ်သူ - ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်)

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်အောင်၊

ဓာတ်ပုံ - ကိုအောင်ဟိန်း

ဘဒ္ဒန္တနာရဒါဘိဝံသ- ထီးအလှူ ကြီးသူပ ဖြစ်မြဲ

ရွှေကျေးစာပေ ၂၀၁၇-ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊

၄၁၉- စာ၊ ၁၃၊ ၂၂×၂၀-စင်တီ

ထီးအလှူ ကြီးသူပ ဖြစ်မြဲ

# ထီးအလှူ ကြီးသုပ ဖြစ်မြဲ

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဇိနမာရ်အောင် အမည်ရပုံ | ၁ |
| ၂။ | ဇိနမာရ်အောင် ဘုရားရှိခိုး | ၁၄ |
| ၃။ | တိဆတ္တဓာရီ ဂုဏ်တော်ပွားနည်း | ၁၆ |
| ၄။ | သပရိဝါရဆတ္တဒါယကအပါဒါန် | ၂၂ |
| ၅။ | ထီးလှူရကျိုးများ (၈)ပါး | ၃၅ |
| ၆။ | မြတ်သောဆုတောင်း (၄)မျိုး ဂါထာ | ၃၈ |
| ၇။ | မြတ်သောဆုတောင်း (၄)မျိုး လင်္ကာ | ၇၂ |
| ၈။ | ဆရာဇော်ဂျီ ကဗျာ | ၇၃ |
| ၉။ | မုဒိတာပန်းခင်း အလှူများ | ၈၀ |

**ထီးအလှူ ကြီးသူပ ဖြစ်မြဲ**

**စာအုပ် ဓမ္မဒါန**

**အလှူရှင်**

ဖိုးဖိုးဖွားဖွားတို့ကို အမှူးထား၍

ဦးငြိမ်းချမ်းကိုကို+ဒေါ်သျှိုယာဇွန်

သမီး-မြနန်းစံ ကောင်းမှု

နိဗ္ဗာန်ဆု

# နိဒါန်း၊ အမှာစာ

## မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရဲ့ ဖွားဖက်တော် စာမေးပွဲကြီး

ကမ္ဘာပေါ်တွင် ရက်အကြာဆုံး အကြီးကျယ် အခမ်းနားဆုံး အမြင့်မြတ်ဆုံး စာမေးပွဲကြီးမှာ မြန်မာနိုင်ငံမှာ ကျင်းပသည့် "တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး" စာမေးပွဲကြီးပင် ဖြစ်သည်။ ထိုစာမေးပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့် ကျင်းပပြီး ရက်ပေါင်း (၃၃)ရက် ကြာမြင့်လေသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အာဂမ + သဘာဝ အားဖြင့် နှစ်မျိုးပြန်ဆို ဖြေဆိုကြရ၏။ ယင်းစာမေးပွဲကြီးမှပင် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင် "မင်းကွန်း တိပိဋက ဆရာတော် ဘုရားကြီး" အပါအဝင် "သုတဗုဒ္ဓဘုရားများ" ပွင့်ထွန်းပေါ်ပေါက်တော်မူလာကြ၏။ ထိုစာမေးပွဲ ကြီးမှာ မြန်မာလွတ်လပ်ရေးရသည့် ၁၉၄၈-ခုနှစ်မှ စတင်၍ ကျင်းပလာခဲ့ခြင်း ဖြစ်ပေရာ "လွတ်လပ်ရေးရဲ့ ဖွားဖက်တော် စာမေးပွဲကြီး"ပင် ဖြစ်တော့၏။ ၂၀၁၇-ခုနှစ်တွင်မူ ၎င်း တိပိဋကစာမေးပွဲကြီးကို (၆၉)ကြိမ်မြောက် အဖြစ် ကျင်းပလျက်ရှိ၏။ (၆၉)ကြိမ်မြောက် ကျင်းပသော ထို တိပိဋက စာမေးပွဲကြီးတွင် စာရေးသူသည် "တိပိဋက ဩဝါဒါစရိယ" အနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရခဲ့ပါ၏။

ထို့အပြင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ဇန်နဝါရီလ၊ (၄)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းကြောင်း ကြေငြာခဲ့ရာ "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့ကို ရရှိခဲ့လေသည်။

မုဒိတာပန်းခင်း အလှူများ

ယင်းသို့ "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ"ဘွဲ့ ရရှိသဖြင့် အလှူရှင်တို့က ချီးကျူးဂုဏ်ပြုပွဲများ ကျင်းပကြလျက် ပူဇော်ကြ၏၊ ထို့အပြင် ကသာမြို့၊ ဆားမလောက်ရွာ၊ တောင်ရှည်ရွာတို့တွင် ဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌လည်း တရားနာပရိသတ် အလှူရှင်တို့က လှူဒါန်းကြ၏၊ ထိုသို့သော ဂုဏ်ပြုပူဇော်ပွဲများနှင့် ဓမ္မသဘင်ပွဲတို့မှ ရရှိသာ နဝကမ္မတို့ကို "မုဒိတာပန်းခင်" အလှူအမည်ဖြင့် ရတနာ(၃)ပါးနှင့် ပရဟိတဌာနများသို့ နှစ်စဉ်လှူဒါန်း လာခဲ့သည်မှာ (၅)ကြိမ်မြောက်ထိ ရောက်ရှိခဲ့ပြီး ဖြစ်သည်၊ ယခုနှစ်တွင်မူ (၆)ကြိမ်မြောက် အဖြစ် ပြန်လည်၍ လှူဒါန်းမည် ဖြစ်ပါသည်။

ထို(၆)ကြိမ်မြောက် မုဒိတာပန်းခင်း အလှူတွင် ဆားမလောက်ကျေးရွာ ဇိနမာရ်အောင်စေတီ ရွှေထီးတင်ပွဲ၌ ဟောကြားခဲ့သော "ထီးအလှူ ကြီးသူပ ဖြစ်မြဲ" ဟူသော တရားတော်ကို အမှတ်တရ ဓမ္မဒါန စာအုပ်

အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်၊ မုဒိတာပန်းခင်း အလှူ တွင် ပွင့်လန်းလာသော "ထီးအလှူ ကြီးသူပဖြစ်မြဲ" ဟူသော ဤမုဒိတာပန်းခင်းထဲမှ သဒ္ဓါပန်းအလှတို့ကို သဒ္ဓါရနံ့ ရှူရှိုက်ရင်း ကြည့်ရှုခံစား မုဒိတာပွားနိုင် ကြပါ စေဟူ၍ အာသီသပြုရပါ၏၊ သို့ဖြစ်၍ ဤဆဋ္ဌအကြိမ် မုဒိတာပန်းခင်း အလှူတော်မင်္ဂလာပွဲ၌ ဓမ္မဒါန စာအုပ် လှူဒါန်းပေးသော ကိုငြိမ်းချမ်း+မသျှိယာဇွန် သမီး- မြနန်းစံ တို့ကိုင်း၊ ကွန်ပျူတာစာစီ စာရိုက်ပေးကြသော သံဃာများကိုင်း ပန်းချီဒီဇိုင်း ဓာတ်ပုံဆရားတို့ကိုင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

အရှင်နာရဒါဘိဝံသ (လှရတနာ)

(၄-၃-၂၀၁၇)စနေနေ့

# ဆင္ဒအကြိမ် မှဒိတာပန်းခင်းအလှူဖိတ်ကြားလွှာ

နိုင်ငံတော်အစိုးရက (၄၊ ၁၊ ၂၀၁၇)နေ့တွင် ဆက်ကပ်သော "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"ဘွဲ့ရရှိခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲများနှင့် ဓမ္မပူဇာတရားပွဲများမှ ပရိသတ်တို့ လှူဒါန်းထားသော နဝကမ္မဝတ္ထုများကို (စပါးပြီးစပါးဆိုသကဲ့သို့) ဖော်ပြပါဌာနတို့အား ပြန်လည်လှူဒါန်းခြင်းတို့ကို ပြုလုပ်မည်ဖြစ်ရာ အဆိုပါအလှူပွဲ "**မုဒိတာပန်းခင်း**"သို့ လာရောက်ကြည်ညို ဝမ်းမြောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ၁။ မန္တလေးမြို့ ဘုရားကြီးတိုက် သာသနဝိပုလသိမ် | (၂၅)သိန်း |
| ၂။ ပုဂံလျှင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီများပြုပြင် | (၂၅)သိန်း |
| ၃။ ရှမ်းပြည်မွေတော်ကက္ကူဘုရားစေတီများပြုပြင် | (၁၀)သိန်း |
| ၄။ စာဖြေသံဃာတော်တို့အား ဆွမ်းကပ်အလှူ | (၅)သိန်း |
| ၅။ နံ့သာကုန်းရွာ ဆရာတော်စျာပနစာစောင်အလှူ | (၁)သိန်း |
| ၆။ ဓမ္မစကူး(လ်)ဖောင်ဒေးရှင်းအားအလှူ | (၃)သိန်း |
| ၇။ ငါရဟိုးရွာ၊ အလက်ာပန်းပရဟိတအသင်းအလှူ | (၅)သိန်း |
| ၈။ ရန်ကုန် စိန်ရတနာကျောင်း နဂါးရုံဘုရား အလှူ | (၃)သိန်း |

**အလှူနေ့ရက်၊ အချိန်၊ နေရာဌာန**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်

(၈၊ ၃၊ ၂၀၁၇) ဗုဒ္ဓဟူးနေ့

နံနက် (၉)နာရီ၊ လှရတနာကျောင်း

"နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ"

# ထီးအလှူ ကြီးသူပ ဖြစ်မြဲ

## ဇိနမာရ်အောင် အမည်ရပုံ

သာသနာတော်သက္ကရာဇ် ၂၅၆၀-ခုနှစ်၊ ကောဇာ ၁၃၇၈-ခုနှစ် တပို့တွဲလဆန်း (၆)ရက် ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက် ညနေချမ်းညဦးအချိန်အခါမှာ၊ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ သမိုင်းဝင် အံ့တော်စေတီအတွင်း၌ ရန်ကုန်မြို့ ဘုရားဒါယကာ ဒါယိကာများဖြစ်ကြတဲ့ ဦးတင်ဋ္ဌေးဦး+ ဒေါ်ခင်ခင်ကြူ မိသားစုက အံ့တော်စေတီ ဂန္ဓကုဋီတိုက် အပေါ်တွင် ဇိနမာရ်အောင်စေတီတော်အား အသစ်တည်ထားပြီး ရွှေထီးတော်တင်ခြင်း ကုသိုလ်နှင့် မြတ်ဗုဒ္ဓ

၏ခြေတော်ရာ ပါဒစေတီတော်အား ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ ထိုအလှူပွဲကြီးမတိုင်မီ အကြိုကုသိုလ်ပွဲ အနေနဲ့ တရားပွဲ ဓမ္မသဘင် ဆင်ယင်ကျင်းပတဲ့နေ့ပါပဲ။ အဲဒီအကြိုကုသိုလ်ပွဲ ဓမ္မသဘင်မှာ နာယူကြရမည့် တရားတော်အမည်က **"ထီးအလှူ ကြီးသူပ ဖြစ်မြဲ"** တရားတော်ပါ။ 'ထီးအလှူ ကြီးသူပ ဖြစ်မြဲ' တရား တော်ကို မနာယူခင် တရားပိုင်ရှင် ဖြစ်တော်မူသော ဓမ္မသာမိ ဘုရားသခင်ကို ရှိခိုးပူဇော်ကြမှာဖြစ်ပါတယ်။ ရှိခိုးပူဇော်တဲ့အခါ စေတီရဲ့ ထိပ်ဆုံးမှာတင်မည့် ထီးတော်ရော၊ ဘုရားရှင်ရဲ့ ခန္ဓာကိုယ် အောက်ဆုံးမှာ ရှိတဲ့ ခြေဖဝါးတော်တို့ရောပါအောင် တပြိုင်နက်ထဲ ရှိခိုးကြမှာဖြစ်ပါတယ်။

ရှိခိုးတဲ့အခါ ဟောသူနာသူ ပြိုင်တူရှိခိုးလိုက်ရင် ပိုပြီးအကျိုးများမှာဖြစ်တဲ့အတွက် အားလုံးသော တရား နာ ပရိသတ်များ လက်အုပ်ချီပြီးတော့ ရှေ့က ဘုန်းဘုန်း တိုင်ပေးတဲ့အတိုင်း ညီညီညာညာလိုက်ပါဆိုပြီး ရှိခိုး ကြမှာဖြစ်ပါတယ်။

**ဒသဗလဿ ဘဂဝတော တိဆတ္တဓာရိ အာဝဋ္ဋေတွာ ပါဒေ ဝန္ဒာမ။**

ဒသဗလသဿ- အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါး ပါရှိပြီးသော။ ဘဂဝတော-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား၏၊ တိဆတ္တခာရိ-လူမင်း၏ထီး ပြဟ္မာမင်း၏ထီး အရဟတ္တဖိုလ် ဝိမုတ္တိထီးအားဖြင့် ထီးသုံးလက်ကို ဆောင်တော်မူသော တိဆတ္တခာရိဂုဏ်တော်ကို။ အာဝဇ္ဇေတွာ-ဆင်ခြင်နှလုံးသွင်းကုန်၍။ ပါဒေ-တရော့ရှစ်ကွက် စက်လက္ခဏာအစုံပါသော ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒာမ-တရားဟောတရားနာ ဘေးရန်ကွာ၍ ကိုယ်စိတ်နှစ်ဖြာကျမ္မာစေကြောင်း ချမ်းသာစေကြောင်း မေတ္တာလောင်းလျက် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိသေလှစွာရှိခိုးကြပါကုန်၏ အရှင်ဘုရား။

ဓမ္မသာမိဖြစ်တဲ့ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးတဲ့နောက် စောစောပိုင်းက ကြေငြာထားတဲ့ တရားနာမည်ဖြစ်တဲ့ 'ထီးအလှူ ကြီးသူပ ဖြစ်မြဲ'-ဆိုတဲ့ တရားတော်ကို ဟောကြားမှာဖြစ်ပါတယ်။ အဓိပ္ပါယ်က ဘုရားစေတီတော်မှာ ထီးအလှူ လှူလို့ရှိရင် လှူထားတဲ့ ထီးအလှူရှင်တွေဟာ အကြီးအကဲဖြစ်နိုင်တဲ့ အကျိုးကို ရရှိနိုင်တယ်လို့ ဆိုလိုပါတယ်။ ဒါကို ရှေးဆရာတွေက ထီးအလှူကြီးသူပဖြစ်မြဲလို့ ပြောစမှတ်ပြုကြတာပါပဲ။

ရှေးလူကြီးသူမတွေ ပြောသမျှစကားကိုပဲ ဒီည တရားပွဲရဲ့နာမည်အနေနဲ့ "ထီးအလှူ ကြီးသူပ ဖြစ်မြဲ" ဆိုတဲ့ နာမည်နဲ့ ဟောကြားနာယူကြပါမယ်။ အလှူရှင်တွေဟာ စေတီဟောင်းကို ထီးအသစ်တင်တာ မဟုတ်ပါဘူး၊ အံတော်စေတီတော်ကြီးအတွင်းမှာ စေတီအသစ်တည်ထားတာဖြစ်ပါတယ်၊ ထို့အတူထိုစေတီရဲ့ အောက်ခံခုံကလည်းပဲ အဟောင်း ဂန္ဓကုဋီတိုက်အသစ် မဟုတ်ပဲနဲ့ ဂန္ဓကုဋီတိုက်အသစ်ကို ဆောက်လုပ်ပြီး တည်ထားတာဖြစ်ပါတယ်။ နောက်တခါ စေတီအသစ်မှာ ထီးတော်တင်တဲ့အခါလည်း ထီးဟောင်းကိုမှ ရွှေသက်န်းရွှေချပြီး မွန်းမံပြီး လှူတဲ့ထီး မဟုတ်ပါဘူး၊ ထီးအသစ်ကိုပဲ လှူဒါန်းတာ ဖြစ်ပါတယ်၊ အဲ့တော့ ဂန္ဓကုဋီတိုက်လည်း အသစ် စေတီတော်ကလဲ အသစ်၊ ရွှေထီးတော်ကလဲ အသစ်ဆိုတော့ ငွေကုန်ကြေးကျ အလွန်များလှပါတယ်။ ညနေကပဲ အလှူ့ရှင်နှင့်တကွ ဆရာတော်များ ရပ်မိရပ်ဖများ စေတီတော်အသစ်မှာ ပန်းလယ်တိုင် စိုက်ထူပြီးသွားပါတယ်။ အဲ့တော့ ငွေကုန်ကြေးကျများစွာ ပြုထားတဲ့အတွက် ကုန်ရခြင်းရဲ့ အကျိုးတွေ လှူခြင်းရဲ့ အကျိုးကို သိပြီးမှ လှူဒါန်းရင် အကျိုးကြီးမားစွာ ရရှိမှာဖြစ်တဲ့အတွက် ဘုန်းဘုန်းတို့အနေနဲ့

အလှူရှင်တွေရော ရှာသူရှာသားတွေပါ အကျိုးများအောင် အေးအေးဆေးဆေးပဲ ဟောပြပေးမှာ ဖြစ်ပါတယ်၊ ဟောတဲ့အခါ စေတီတော်ရဲ့ ဘွဲ့နာမည်က ဇိနမာရ်အောင်စေတီတော်ပါ၊ ဘာကြောင့် ဇိနမာရ်အောင်စေတီတော်လို့ ဘွဲ့အမည်တော်ရသလဲ ဘာကြောင့်ရွှေထီးတော်တင်ရသလဲ ရွှေထီးတော်နဲ့ ဆက်စပ် ပြီးတော့ ထီးတော် ဘယ်နှစ်လက်ရှိသလဲ ရွှေထီးတော်အသစ် လှူသဖြင့် ဘာအကျိုးတွေ ရရှိသလဲ ရွှေထီးတော် တင်လှူရတဲ့အတွက် ဘယ်လိုဆုတောင်း ထိုက်သလဲ ဒီ(၄)မျိုးကို ဒီနေ့ည အကျယ်တဝင့် ဟောပြပေးမှာ ဖြစ်ပါတယ်။ သက်တောင့်သက်သာ ဣရိယာပုထ်နဲ့ ချမ်းသာသလို နာယူနိုင်ပါတယ်။ နာယူတဲ့အခါတော့ မှတ်မိအောင် ဖြန့်ဝေပေးထားတဲ့ စာရွက်ထဲမှာပါတဲ့အတိုင်း "ထီးအလှူ ကြီးသူပ ဖြစ်မြဲ"ဆိုတဲ့ တရားကို ဟောပြပေးမှာဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ဘွဲ့နာမည်က "ဇိနမာရ်အောင်စေတီတော်"။ ပါဠိက ဇိန, မြန်မာက မာန်အောင် ပါဠိရောမြန်မာပါ တွဲလိုက်တော့ ဇိနမာန်အောင်လို့ ခေါ်တဲ့ နာမည်ပဲဖြစ်ပါတယ်၊ မာန်အောင်ဆိုတဲ့ မြန်မာဝေါဟာရကိုက မာန်ငါးပါးကို အောင်မြင်တဲ့ အတွက်

ဇိနမာရ မာရဝိဇယဟူသော ပါဠိဝေါဟာရကနေ မာန်အောင်စေတီဆိုပြီးဖြစ်လာတယ်။ ရောဝတီတိုင်းမှာ ဇလွန်မြို့ရဲ့ စေတီဘုရားနာမည်ကဲ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား၊ မာရ်အောင်မြင်နဲ့ ဇိနမာရ်အောင်နဲ့ အတူတူပါပဲ၊ အဲတော့ မာရ်အောင်ဆိုတဲ့ နာမည်နဲ့ပဲ လုံလောက်နေပါပြီ၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှာ မာရ်အောင်စေတီဆိုပြီးတော့ ရှိပြီးသားပဲ၊ အခု ဆားမလောက်မှာတော့ မာရ်အောင်စေတီဆိုတဲ့ရှေ့က ဇိနပါ ပါလိုက်တော့ ဇိနမာရ်အောင်ဆိုတော့ အနက် အဓိပ္ပါယ်က ပရိယာယ်နှစ်ချက် ဆင့်လိုက်တဲ့အတွက် ဂုဏ်တော်အဓိပ္ပါယ်တွေက ပိုပြီးတော့ မြင့်မားသွား ပါတယ်။ အဲတော့ သာကေတမှာလဲ ဒီဘုရားစေတီနှင့် ဘွဲ့နာမည်တူတဲ့ စေတီရှိပါတယ်။ "ဇိနမာရ်အောင် စေတီ"ပါပဲ၊ ထိုသာကေတမှာတင် ရှိတာမဟုတ်တော့ ဘဲနဲ့ ဆားမလောက်ကျေးရွာ အုံတော်စေတီ အတွင်း မှာလည်း ရှိတာပါပဲ။

အဲဒီတော့ ပါဠိဝေါဟာရ ဇိနက တစ်ခု မာရ်အောင်က တစ်ခုဆိုတော့ နှစ်မျိုးကြည်ညိုရမှာဆို တော့ ဂုဏ်တော်တွေပိုပြီးတော့ ပွားများဖြစ်သွားတယ်၊ ဗုဒ္ဓါနုဿတိဘာဝနာတွေ ပိုပြီးတော့ ပွားများဖြစ်သွား



ဆားမလောက်ကျေးရွာမှ သမိုင်းဝင် အံတော်စေတီကြီး



ဆားမလောက်ကျေးရွာမှ ဇိနမာရ်အောင်စေတီ



ရွှေထီး ဒါယကာ ဦးတင်ငွေဦး + ဒါယိကာမ ဒေါ်ခင်ကြူ



ဦးတင်ဌေးဦး + ဒေါ်ခင်ခင်ကြူမှ ရွှေထီးတော်ကို သံဃာတော်သို့ ဆက်ကပ်စဉ်



သား (၃)ဦးမှ ရွှေထီးတော်ကို သံဃာတော်သို့ ဆက်ကပ်စဉ်



သား (၃)ဦးမှ ရွှေထီးတော်ကို သံဃာတော်သို့ ဆက်ကပ်စဉ်



အလှူရှင်များ ရွှေထီးအစိတ်အပိုင်းတို့ကို လှည့်လည် ပူဇော်ကြစဉ်



ထီးအလှူကြီးသူပဖြစ်မြဲ- ဓမ္မဒါနစာအုပ်အလှူရှင် ဦးငြိမ်းချမ်းကိုကို+ဒေါ်သျှီယာဋ္ဌနှ်၊ သမီး မြနန်းစံ



ထီးအလှူကြီးသူပဖြစ်မြဲ- ဓမ္မဒါနစာအုပ်အလှူရှင် ဦးငြိမ်းချမ်းကိုကို+ဒေါ်သူဇာယာဇွန်၊ သမီး မြနန်းစံ



ဦးသောင်းထူးလင်းနှင့် ဦးငြိမ်းချမ်းကိုကို မိသားစုက
ဗုဒ္ဓခြေတော်ရာစက်ဝန်းကို လုရတနာဆရာတော်သို့ လှူဒါန်းစဉ်



ဇိနမာရ်အောင်စေတီ ရွှေထီးတင်ပွဲ၌ ဗုဒ္ဓခြေတော်ရာအား ကပ်လှူရန် ဆွမ်းတော်ပွဲ (၁၀၀၀)ကျော် ပြင်ဆင်ထားစဉ်(၂-၂-၂၀၁၇)

တယ်။ ဇိနဆိုတဲ့ ဘွဲ့တံဆိပ်နာမည်တော်က သူများ တွေက ပေးတာမဟုတ်ပါဘူး၊ မြတ်စွာဘုရား ကိုယ်တိုင် လည်း ငါရဲ့ဘွဲ့နာမည်တော်ဟာ ဇိနလို့ ကိုယ့်နာမည် ကိုယ့်ဘွဲ့ကို ကိုယ်ကိုတိုင် ဝန်ခံထားတဲ့ နာမည် ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ နာမည်တော် တွေဟာ မရေမတွက်အောင် များပြားပါတယ်၊

အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော၊
ဂုဏေန နာမ မုဒ္ဓေယျံ၊ အပိနာမ သဟဿတော၊

ဤဂါထာဒေသနာတော်အရ ဘုရားရှင်ရဲ့ ဘွဲ့နာမည်တော်တွေဟာ မရမတွက်နိုင်အောင်ကိုပဲ များပြားလှပါတယ်။ အလွန်များတဲ့ နာမည်တွေထဲမှာ ဇိနဆိုတဲ့ နာမည်တော်ဟာ သူများက မှည့်တဲ့နာမည် မဟုတ်ပါဘူး။ ဘုရားရှင်ကိုယ်တိုင် မှည့်တဲ့နာမည်ပါ၊ မရေမတွက်နိုင်အောင် ထောင်သောင်း သိန်းသန်း မကရှိတဲ့ နာမည်တော်တွေထဲက ဘုရားကိုယ်တိုင် မှည့်တဲ့နာမည်တော်သာ မဟုတ်သေးဘူး ဘုရားရှင်ရဲ့ နာမည်တော်တွေထဲမှာလဲ ပထမဆုံး ဘုရားကိုယ်တိုင် မှည့်တဲ့ နာမည်တော် ဖြစ်ပါတယ်။

အဲတော့ ရှေးဦးစွာ ပထမဆုံးမှည့်တဲ့ နာမည် ဆိုတော့ ပို့ပြီးတော့လဲ ဝမ်းသာဂုဏ်ယူကြည်ညို

ရပါတယ်။ ဘုန်းကြီးတွေသင်တဲ့ ပါဠိသဒ္ဒါကျမ်းတွေထဲက ကစ္စည်းသဒ္ဒါကျမ်းဆိုတာရှိတယ်၊ အဲဒီကျမ်းမှာ ဒုတိယအပိုင်းက နာမကဏ္ဍ နာမ်အပိုင်း၊ အဲဒီအပိုင်းကို ကစ္စည်းကျမ်းကို ရေးသားတဲ့ အရှင်မဟာကစ္စည်းမထေရ်က ရုပ်ပြီးဖို့အတွက် သဒ္ဒါကြီးသုတ်စဉ်တည်တဲ့အခါ ပထမဆုံးသုတ်စဉ်တည်လိုက်ပါတယ်၊ အဲဒီပထမဆုံးသုတ်စဉ်ရဲ့နာမည်က ဇိနဝစနယုတ္တံဟိ-ဖြစ်တယ်၊ အခုဘုန်းဘုန်းရဲ့ ဘယ်ဘက်ဘေးမှာ ထိုင်ပြီးတော့ နာနေတဲ့ ကိုရင်လေးတွေ အံတော်စေတီ ကျောင်းဘုန်းကြီးက သူတို့ကို သဒ္ဒါကျမ်းသင်ပေးတဲ့အခါ နာမကဏ္ဍ နာမ်အပိုင်းကို ရောက်တဲ့အခါ ပထမဆုံး သင်ရတဲ့ သဒ္ဒါကြီးသုတ်စဉ်က "ဇိနဝစနယုတ္တံဟိ"ပါ။ အဲဒီလို သဒ္ဒါကျမ်းဆရာတွေကလဲပဲ မြတ်စွာဘုရားရှင်ရဲ့ နာမည်တော် သိန်းသန်းကုဋေတွေထဲက ဘုရားကိုယ်တော်တိုင် ပထမဆုံးမှည့်တဲ့ နာမည်တော်ကို ဂုဏ်ပြုတဲ့ အနေနဲ့ "ဇိနဝစနယုတ္တံဟိ"လို့ တည်ထားသလို အခုဆားမလောက်ကျေးရွာ အံတော်စေတီအတွင်းမှာလဲပဲ မှည့်လိုက်တဲ့ဘွဲ့စေတီတော်နည်မည်က "ဇိနမာရ်အောင်စေတီတော်"ပါ၊ဘယ်လိုနည်းနဲ့ ဇိနအမည်ရသလဲ၊ ဘုရားပေးထားတဲ့နာမည်တော်ပါပဲ၊

ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင် ဗုဒ္ဓဂယာမှာ သီတင်းသုံး တော်မူပါတယ်၊ သီတင်းသုံးပြီးတဲ့နောက် ဝါဆိုလပြည့် နေ့ နံနက်ခင်းမှာ မိဂဒါဝုန်တော ဗာရာဏသီမြို့ကို မြေပြင်မှာ ခြေလျင်ခရီးနဲ့ ကြွလှမ်းတော်မူခဲ့ပါတယ်၊ ယူဇနာအနေနဲ့ ဆယ်ရှစ်ယူဇနာ ခရီးဝေးကွာပါတယ်၊ တခြားနောင်တော် နောင်တော် ဘုရားရှင်တွေလည်း ဗုဒ္ဓဂယာမှာ ဘုရားဖြစ်ပြီးတော့၊ ဘုရားတို့ဓမ္မတာအရ ဗာရာဏသီအနားက မိဂဒါဝုန်တောကို သွားပြီးတော့ တရားဦးဒေသနာ ဓမ္မစကြာတရားကို ဟောကြားကြ ပါတယ်၊ အဲဒီလို ဟောဖို့သွားတဲ့အခါ နောင်တော် ဘုရားတွေက ကောင်းကင်မှာ ဈာန်ယာဉ်စီးပြီးတော့ ကြွတော်မူကြတယ်၊ ဘုန်းဘုန်းတို့ ဂေါတမဘုရားရှင် ကတော့ မြေပြင်မှာ ခြေလျင်ခရီးကြွတော်မူရတယ်။

အဲဒီလိုကြွတဲ့အခါ ဥပကတက္ကတွန်းနဲ့ လမ်းမှာတွေ့ဆုံတယ်၊ ဥပကတက္ကတွန်းနဲ့ တွေ့တော့ ဥပကတက္ကတွန်းက မြတ်စွာဘုရားရှင်ရဲ့ လက္ခဏာ တော်ကြီး(၃၂)ပါး ရောင်ခြည်တော်ခြောက်သွယ် လက္ခဏာတော်ငယ်(၈၀)တွေနဲ့တင့်တယ်တဲ့ ရူပကာယ ခန္ဓာကိုယ်ကို မြင်တဲ့အခါ ပုစ္ဆာတွေ တသီတတန်းကြီး မေးမြန်းလိုက်တယ်၊ ငါ့ရှင်က ဘယ်သူလဲ၊ ဘယ်မြို့နယ်

ကလဲ၊ ဘယ်သူ့ကို ရည်ညွှန်းပြီးတော့ ရဟန်းပြု လာတာလဲ။ ငါ့ရှင်နာမည်ကကော ဘယ်လိုခေါ်သလဲ၊ အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားရှင်က သာကီသကျမျိုးနွယ် ခတ္တိယမျိုးနွယ်ကနေ တောထွက်ပြီးတော့ ရဟန်းပြု လာတယ်၊ ဘယ်သူကိုမှ ရည်ညွှန်းပြီးတော့ ရဟန်း ပြုလာတာမဟုတ်ဘူး၊ ငါ့ဟာကိုယ်ပဲငါ ရဟန်းပြုလာ တယ်၊ ငါ့ရဲ့နာမည်ကတော့

**မာဒိသာ ဝေ ဇိနာ ဟောန္တိ၊**

**ယေ ပတ္တာ အာသဝက္ခယံ၊**

**ဇိတာ မေ ပါပကာ ဓမ္မာ၊**

**တသ္မာဟ မုပက ဇိနော**'၊ ဒီလိုဝန်ခံလိုက်တယ်။

ဥပက-ဥပကတက္ကတွန်း။ မေ-ငါသည်။ ပါပကာ ဓမ္မာ-ယုတ်မာညစ်ညူး အကုသိုလ်မကောင်းမှုတို့ကို။ ဇိတာ-အရဟတ္တမဂ်ဖြင့် ပယ်သတ်အောင်မြင် ပြီးစီးသွားပြီ။ တသ္မာ-ထို့ကြောင့်။ အဟံ-ငါဘုရားသည်။ ဇိနော-ဇိနအမည်ရတော်မူသည်။ အသ္မိ-ဖြစ်ပါပေ၏။

ဒါဟာ မကောင်းမှုအကုသိုလ်တရားတွေကို အရဟတ္တမဂ်ဖြင့် ဝါသနာနှင့်တကွ မကျန်ရအောင် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်တဲ့အတွက် ဇိနလို့ အမည်ရတယ်။ အဲဒီလို မိမိရဲ့နာမည်ကို မိမိကိုယ်တိုင်ပဲ

ဝန်ခံလိုက်တယ်။ အဲတော့ ဥပကတက္ကတွန်းက ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ သြော် အရှင်ဘုရားပြောတဲ့အတိုင်း ဣန္ဒြေကလဲ ကြည်လင်တယ် ရုပ်ရည်ရူပကာယကလဲ သပ္ပါယ်တယ်၊ အကုသိုလ်မကောင်းမှု အညစ်အကြေးတွေကို ပယ်သတ်ပြီးသားဖြစ်တဲ့အတွက် ဇိနဆိုတဲ့ ဘွဲ့နာမည်တော်ဟာ လိုက်လျောညီထွေရှိပါပေတယ်ဘုရား။

ဟုပေယျပါဝုသောဆိုတဲ့ စကားနဲ့ ထောက်ခံပေးလိုက်တယ်၊ အဲတော့ ဒီမဟာဝါ ဝိနည်းဒေသနာအရ ဇိနဆိုတဲ့ ဘွဲ့နာမည်တော်ဟာ သူများပေးထားတာလား ဘုရားကိုယ်တိုင်မှည့်တာလား၊ (ဘုရားကိုယ်တိုင်မှည့်တာပါဘုရား) မြတ်စွာဘုရားရှင်ရဲ့ နာမည်တော်အသင်္ချေယျ အနန္တထဲမှာ ပထမဆုံး နာမည်လား နောက်ဆုံး နာမည်လား ပထမဆုံးနာမည်ပါဘုရား ပထမဆုံးနာမည်။ အဲတော့ ဇိနနဲ့တင်ကိုပဲ အလွန်ဂုဏ်မြောက်ပါပြီ၊ အဓိပ္ပါယ်က မကောင်းမှု အကုသိုလ်ကိလေသာအညစ်အကြေးမျိုးစုံကို ဝါသနာနှင့်တကွ အရဟတ္တမဂ်ဖြင့် ဗောဓိမဏ္ဍိုင် အပရာဇိတ ပလ္လင်ထက်မှာ မဟာဗောဓိညောင်ပင် အောက်မှာ ပယ်သတ်ဖျက်ဆီး အောင်မြင်ပြီးသူလို့ အဓိပ္ပါယ်ရတယ်။

အဲတော့ ဇိနမာရ်အောင်ဆိုတဲ့ ဘွဲ့တံဆိပ်တော်က ဇိနဆိုတဲ့ ဘွဲ့တံဆိပ်တော် နာမည်အဓိပ္ပါယ် သိသွားပြီ။ တွဲထားတဲ့မြန်မာနာမည်က မာရ်အောင် စေတီပါ၊ မာရ်အောင်ဆိုတဲ့ နာမည်က မာရဇိန-မာရဝိဇယဆိုတဲ့ ပါဠိဝေါဟာရကို မာရ်အောင်လို့ မြန်မာအမှုပြုထားတာပါပဲ။ အဲဒီမာရ်က ဘယ်နှစ်မျိုးတောင်ရှိသလဲဆိုတော့ (၅)မျိုးရှိတယ်၊ အဲဒီ(၅)မျိုးက ဘာတွေလဲဆိုတော့----

၁။ ဒေဝပုတ္တမာရ်
၂။ ကိလေသမာရ်
၃။ ခန္ဓမာရ်
၄။ မစ္စုမာရ်
၅။ အဘိသင်္ခါရမာရ်-တို့ ဖြစ်ကြတယ်၊

ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် အဲဒီမာရ်(၅)မျိုးကို အောင်မြင်တဲ့ အတွက် မြတ်စွာဘုရားရှင်ကို မာရဇိန-မာရဝိဇယ ဒီလိုပါဠိဝေါဟာရနဲ့ ချီးကျူးဂုဏ်ပြု ပူဇော်ကြရတယ်။ ဒါနဲ့ပဲ ဒုတိယအနေနဲ့ မာရ်အောင်စေတီ၊ ဒီပါဠိဝေါဟာရ ဖြစ်တယ်၊ မြတ်စွာဘုရားရှင်အနေနဲ့ မာရ်ငါးပါးကို ဘယ်မှာအောင်မြင်သလဲ၊

ထိုမာရ်ငါးပါးကို မြတ်စွာဘုရားရှင် အောင်မြင်တော်မူပုံကတော့

၁။ မြတ်စွာဘုရားရှင်ဟာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီ အချိန်၌ ဗုဒ္ဓဂယာ မဟာဗောဓိပင်ရင်း အပရာဇိတ ပလ္လင်တော်တွင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျှက်ပင် ဒါန ပါရမီ, ခန္တီ, မေတ္တာ, သဒ္ဓါစသော ပါရမီဗိုလ် အပေါင်းဖြင့် မာရ်နတ်သားနှင့် ရန်စစ်သည်အပေါင်းကို ချိုးဖျက်နှိမ်နင်းတော်မူခြင်းဖြင့်၄င်း၊ မာရ်နတ်သား၏ ပိုင်နက်ဖြစ်သည့် ကာမဓာတ်နယ်ပယ်ကို လွန်မြောက် တော်မူခြင်းဖြင့်၄င်း၊ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူတယ်။

၂။ ကဆုန်လပြည့်နေ့ မိုးသောက်ယာမ်အချိန်၌မူ အာသဝက္ခယဉာဏ်ဟုဆို အပ်သော အရဟတ္တမဂ်ကို ရရှိတော်မူကာ ထိုအရဟတ္တမဂ်ဖြင့် ကိလေသာ အပေါင်းကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်တော်မူခြင်းဖြင့် ကိလေသမာရ်ကို အောင်နိုင်တော်မူခဲ့တယ်။

၃။ ထိုအရဟတ္တမဂ်ဖြင့်ပင် ကိလေသာ အပေါင်းကို အပေါ်ပြုကာ ဘဝအသစ်ကို ထူထောင်အကျိုးပေးကြမည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို နောင်တဖန်မဖြစ်စေနိုင်လောက်အောင် အပြီးပိုင် ပယ်သတ်တော်မူခြင်းဖြင့် အဘိသင်္ခါရမာရ်ကို အောင်မြင်ခဲ့ပါတယ်။

၄+၅။ ခန္ဓမာရ်နှင့် မစ္စုမာရ်တို့ကိုကား ယင်းမာရ်တို့၏ အကြောင်း ရင်းဖြစ်သည့် သမုဒယ တဏှာကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်ခြင်းဖြင့်၄င်း၊ ယင်းမာရ်တို့၏ သဘော သဘာဝကို ကျကျနန ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား၍ သိပြီး ဖြစ်ခြင်းဖြင့်၄င်း၊ အောင်နိုင်တော်မူခဲ့ပါတယ်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်ရင်း၌ပင် ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရ မာရ်အားဖြင့် မာရ် (၃) ပါးတို့ကို မုချပိုင်ပိုင် အောင်နိုင်တော်မူခဲ့တယ်၊ ခန္ဓမာရ်နှင့် မစ္စုမာရ် (၂) ပါးတို့ကိုမူ ပရိယာယ်အားဖြင့်သာ အောင်နိုင်တော်မူပါတယ်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်ကို ပါဠိဘာသာအားဖြင့် "မာရဇိန မာရဝိဇယ"ဟူ၍၄င်း၊ မြန်မာစကားဖြင့် "ဇိနမာရ်အောင်" ဟူ၍၄င်း ခေါ်ဝေါ်ချီးကျူး ရပါတယ်၊ "ဇိနမာရ်အောင် မြတ်စွာဘုရားရှင်" ကို ရှိခိုး ပူဇော်လို သူများ အတွက် ဇိနမာရ်အောင် ဘုရားရှိခိုးဖြင့် ရှိခိုးကြရပါမယ်။

## ဇိနမာရ်အောင် ဘုရားရှိခိုး

(၁) ဘုန်းတော်ထိန်လျှမ်း၊ ကျွန့်ထိပ်ပန်းကား၊ အစွမ်းနိုပ်နင်း၊ နယ်ပယ်တွင်းမှ၊ လွတ်ကင်းထွက်ငြား၊ မာရ်နတ်သားတည်း၊ ထပ်ပွါးအသစ်၊ မဖြစ်နိုင်စေ၊

ကိလေ,ဘိသင်၊ မာရ်နှစ်အင်လောင်း၊ အကြောင်း သမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမူ၊ ခန့်,မစ္စုဟု၊ နှစ်ခု မာရ်နှင်၊ ပေါင်းငါးအင်ကို၊ ပင်ဗောဓိမင်း၊ အောင်မြေ တွင်း၌၊ မကြွင်းကုန်စင်၊ အောင်ပွဲယဉ်သည်--မြတ်ရှင်ဇိန ဘွဲ့တော်ဘုရား. .။ *(မဟာဂန္ဓာရုံ ဆရာတော်)*

(၂) ကာမ ရူပ အရူပဟု လောကဓာတ် တိုက် ဘောင် ဘုံသုံးဆောင်၌ငင်း၊ သတ္တ-သင်္ခါရ-သြကာသဟု လောကဓာတ်တိုက်ဘောင် ဘုံသုံးဆောင်၌ငင်း၊ စူဠနိကာ မဇ္ဈိမိကာ မဟာသဟဿီ ကောင်းစွာတည် လတ် အနန္တလောကဓာတ်၌ငင်း ဗောဓိအောင်မြေ ပလ္လင်ဗွေတွင် ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓမစ္စု ငါးခုသောမာရ် တွင်းပရန်ကို မကျန်ကုန်စဉ် အောင်မြင်တော်မူပြီးသော ဇိနမာရ်အောင် အမည် ဆောင်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရုပ်နာမ် နှစ်ခု ဓာတ်အစုကို ငါဟုသမုတ် အကျွန်ုပ်သည် အောင်ရာအောင်ကြောင်း အောင်ဆုတောင်း၍ ဆယ် ချောင်းလက်စုံ ကြာပဒုံဖြင့် ကြည်ယုံမြတ်နိုး ဦးထိပ်မိုးကာ ရှိခိုးပါ၏ အရှင်ဘုရာ. . .။-

(၃) တတ္ထ ဗလဝိဓမန, ဝိသယာတိက္ကမနဝသေန ဒေဝပုတ္တ မာရဿ, အပ္ပဝတ္တိကရဏဝသေန ကိလေသာ

ဘိသင်္ခါရမာရာနံ, သမုဒ-ယပ္ပဟာန ပရိညာဝသေန ခန္ဓမာရဿ, မစ္စုမာရဿ စ ဗောဓိမူလေ ဧဝ ဘဥ္ဇိတတ္တာ ပရူပနိဿယရဟိတံ နိရတိသယံ တံ ဘဥ္ဇနံ ဥပါဒါယ ဘဂဝါ ဧဝ မာရဘဥ္ဇနော’တိ ထောမိတော။

*(ဓာတုကထာမူလဋီကာ)*

(၄) ဒေဝပုတ္တံ ကိလေသဥ္စ၊ အဘိသင်္ခါရ မာရကံ။
ခန္ဓံ မစ္စုံ ဇိနိ ဇိနော၊ ဟောတု မေ ဇယမင်္ဂလံ။

*(နယားဆရာတော်ကြီး)*

(၅) နမော တေ မာရမထန၊ နမော တေ မာရဘဥ္ဇန။
နမော တေ မာရဝိဇယ၊ နမော တေ မာရမဒ္ဒန။

## တိဆတ္တမာရ ဂုဏ်တော်ပွားနည်း

အဲဒီတော့ ပါဠိက ဘာတဲ့လဲ ဇိန၊ မြန်မာက ဘာတဲ့လဲ မာရ်အောင်၊ နှစ်ခုပေါင်းလိုက်တော့ ဇိနမာရ်အောင် စေတီ၊ အဲတော့ ဘုရားဒကာ+ ဘုရားအမတွေ မနက်ဖြန်ကာ ရွှေထီးတင်မည့် ဇိနမာရ်အောင်စေတီ ဘွဲ့နာမည်တော် အမည်ပြုခြင်း ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများပြီးသွားပါပြီ၊ အဲဒီစေတီမှာ မနက်ဖြန် ရွှေထီးအသစ် တင်တော့မှာ။

အဲဒီတော့ ဘုရားရှင်မှာ ထီးက ဘယ်နှစ်လက်ရှိလဲ သုံးလက်ရှိတယ်၊ စောစောပိုင်းက ဘုရားရှင်ကို ရှိခိုး လိုက်ပြီ၊ ဒသဗလဿ ဘဂဝတော တိဆတ္တဓာရိ အာဝဇ္ဇေတွာ ပါဒေ ဝန္ဒာမ။ တိဆတ္တဓာရိ-ထီးသုံးလက်ဆောင်တော်မူသော တိဆတ္တဓာရိဂုဏ်တော်ကို။ အာဝဇ္ဇေတွာ-ဆင်ခြင်နှလုံးသွင်းပွားများကုန်၍။ ဘုရားရှင်ရဲ့ ခြေတော်ကို ရှိမခိုးခင် ဘုရားရှင်မှာရှိတဲ့ ထီးသုံးလက် ဂုဏ်တော်ကို ဆင်ခြင်ကြတယ်၊ ထီးသုံးလက်က ဘာတွေလဲဆိုတော့ ၁။ လူမင်းရဲ့ထီး ၂။ ဗြဟ္မာမင်းရဲ့ထီး ၃။ အရဟတ္တဖိုလ်ဝိမုတ္တိထီး၊ အဲဒီတော့ ထီးဘယ်နှစ်လက်လဲ သုံးလက်ပါဘုရား၊ လူမင်းဆိုတာ ရုပ်ရှင်မင်းသား လူမင်းကို ပြောတာမဟုတ်ဘူးနော် ဘုရားရှင်ရဲ့ ခမည်းတော်က ဘယ်သူတဲ့လဲ သုဒ္ဓေါဒနမင်းကြီးပါဘုရား၊ သုဒ္ဓေါဒနမင်းကြီးက သားတော်သိဒ္ဓတ္ထမင်းသားသက်တော်(၁၆)နှစ်ရောက်လို့ ထီးနန်းတတ်တဲ့အခါ ထီးဖြူကို သားတော်အား လှူဒါန်းလိုက်တယ်၊ ခမည်းတော် လှူဒါန်းတဲ့ထီးတော်နဲ့ပဲ သားတော်ဟာ ထီးနန်းကို သိမ်းပိုက်ပြီးတော့ သိဒ္ဓတ္ထမင်းဆိုပြီးတော့ ဖြစ်လာတယ်။ အဲဒီတော့ လူမင်းဆိုတာ ဘယ်သူ့ကိုပြောတာလဲ သုဒ္ဓေါဒနမင်း၊ ဘယ်မှာဆက်သသလဲဆိုတော့ ကပိလ

ပတ္ထုရွှေနန်းတော်မှာ ထီးဖြူကို ဆက်သလိုက်တယ်၊ အဲတော့ ဘုရားလောင်းဘဝမှာ လူမင်းရဲ့ ထီးအဖြစ်နဲ့ ရလာတယ်။ နောက် နှစ်ဆယ်ကိုးနှစ်အရွယ်မှာ တောထွက်ပြီး ခြောက်နှစ် ဒုက္ကရစရိယာကျင့်လိုက်တာ ၃၅-နှစ် အရွယ်ရောက်လို့ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်မှာ ကဆုန်လပြည့်နေ့ ညနေချမ်းအချိန်မှာ သဟမ္ပတိ ဗြဟ္မာမင်းက ထီးဖြူတစ်လက် ဆောင်မိုးပြီးတော့ ဆက်သလိုက်တယ်၊ အဲတော့ ဘုရားလောင်းဘဝမှာ ထီးဘယ်နှစ်လက် ပိုင်ဆိုင်သွားလဲ နှစ်လက်ပါဘုရား၊ ၁-နံပါတ်ထီးက ဘာထီးတဲ့လဲ လူမင်းရဲ့ထီးပါဘုရား၊ ၂-နံပါတ်ထီးက ဘာထီးတဲ့လဲ သဟမ္ပတိဗြဟ္မမင်းရဲ့ ထီးပါဘုရား။

အဲဒီ ထီးနှစ်လက်ကတော့ ခမည်းတော်နဲ့ ဗြဟ္မာမင်းက ပေးတာပါပဲ၊ အရဟတ္တဖိုလ်ဝိမုတ္တိထီးကတော့ ခမည်းတော်ကလဲ ပေးလို့မရဘူး၊ ဗြဟ္မာမင်းကလဲ ဆက်သလို့ မရဘူး၊ ကိုယ်ကိုယ်တိုင်ပဲ ပထမယာမ်မှာ ပုဗ္ဗေနိဝါသဝိဇ္ဇာဉာဏ်ကိုရသွားတယ်၊ ဒုတိယယာမ်မှာ ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ကိုရသွားတယ်၊ မိုးသောက်ခါနီး အာရုံတက်ခါနီး ဝိပဿနာအလုပ် ဆက်လက်ပြီး အားထုတ် တဲ့အခါ နံနက်မိုးသောက် အာရုံတတ်တာနဲ့

တတိယမြောက် အာသဝက္ခယဝိဇ္ဇာဉာဏ်ကို ရသွားတယ်၊ အာသဝက္ခယဝိဇ္ဇာဉာဏ်ဆိုတာ အရဟတ္တမဂ်ပါပဲ၊ အရဟတ္တမဂ်ပြီးတဲ့နောက် ဝိထိစဉ်အားဖြင့် အရဟတ္တဖိုလ်ဖြစ်တယ်၊ အရဟတ္တဖိုလ်ပြီးတဲ့နောက် ပစ္စဝေက္ခဏာဉာဏ်ဖြစ်တယ်၊ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပြီးတဲ့နောက် ဘဝင်တွေကျလာတယ်၊ ဘဝင်တွေ ကျပြီးတဲ့နောက် သဗ္ဗညုတဉာဏ ဝိထိဆက်တိုက်ဖြစ်ပါတယ်၊ သဗ္ဗညုတဉာဏ်လဲရရော ဘုရားဖြစ်သွားတယ်၊ အဲဒီတော့ အရဟတ္တမဂ် ဖြစ်ပြီးတဲ့နောက် အရဟတ္တဖိုလ်ဖြစ်တဲ့အခါ ဘာထီးပိုင်ဆိုင်သွားသလဲဆိုတော့ အရဟတ္တဖိုလ်ဝိမုတ္တာထီးကို ပိုင်ဆိုင်သွားတယ်။ အဲဒီ အရဟတ္တဖိုလ်ဝိမုတ္တိထီးကိုတော့ ဖအေကရော ပေးလို့ရသလား၊ မရပါဘူးဘုရား၊ ပြဟ္မာမင်းကရော ဆက်သလို့ရသလား၊ မရပါဘူးဘုရား၊ ဘုရားလောင်း ကိုယ်တော်တိုင်ပဲ ဝိပဿနာအလုပ် ကြိုးစားအားထုတ်လိုက်မှ တတိယမြောက် အရဟတ္တဖိုလ် ဝိမုတ္တိထီးကို ရသွားတယ်။

အဲတော့ ဘုရားရှင်မှာ ထီးဘယ်နှစ်လက် ဖြစ်သွားသလဲ၊ ၃-လက်ပါဘုရား၊ ဒါကို ပါဠိဝေါဟာရအနေနဲ့ တိဆတ္တဓာရီ ဂုဏ်တော်လို့ခေါ်တယ်။ အဲဒီတော့

ဘုန်းဘုန်းတို့ ညနေက ထီးအလှူရှင်တွေ ဆွေတော် မျိုးတော်တွေ ပန်းလယ်တိုင်ကို လှည့်ပတ်ပူဇော်ပြီးတော့ စေတီကို အတွင်းထဲမှာ စိုက်ထောင်လိုက်တော့ ဘုန်းဘုန်းတို့လဲ ပဋ္ဌာန်း(၂၄)ပစ္စည်း ဂုဏ်တော်တွေကို ရွတ်ပြီးတော့ ချီးကျူးပူဇော်ကြတယ်၊ ကြည့်လိုက်တော့ ထီးဖြူက နှစ်လက်ပဲရှိနေတယ်၊ ဘုရားမှာရှိတဲ့ထီးက ဘယ်နှစ်လက်လဲ ၃-လက်ပါဘုရား၊ ၃-လက်ရှိနေတော့ ပိဋကတ်စာပေနဲ့ညီအောင် ထီးဖြူတစ်လက်ထပ်ပြီးတော့ ဆောင်ပေးလိုက်ပါ။ ဒါဆိုရင် ဘုရားရှင်ရဲ့ တိဆတ္တာခါရီ ဂုဏ်တော်နှင့် ညီသွားတဲ့အတွက် ပိုပြီးတော့ ပြည့်စုံ သွားတယ်၊ ခု ထီးသုံးလက်လဲ စေတီမှာ စိုက်ထူပြီး သွားပါပြီ။

အဲဒီတော့ ပထမပိုင်းအနေနဲ့ ဇိနမာရ်အောင် ဘုရားဘွဲ့တံဆိပ်တော် ဗုဒ္ဓါနုဿတိဘာဝနာပွားသွားပါပြီ၊ ဒုတိယပိုင်းအနေနဲ့ ထီးသုံးလက်ပိုင်ရှင် တိဆတ္တာခါရီ ဂုဏ်တော် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးသွားပြီ၊ တတိယမြောက်အနေနဲ့ ထီးအလှူကြီးသူပဖြစ်မြဲဆိုတဲ့ တရားနာမည်အတိုင်း ထီးလှူဒါန်းသဖြင့် ဘယ်လို အကြီးအကဲ ဖြစ်ခြင်းအကျိုးကို ရရှိနိုင်သလဲဆိုတဲ့ တတိယပိုင်းကို ဆက်ပြီးတော့ ပြောပြပေးပါ့မယ်။

ဒေသကပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားသခင်ကို တိဆတ္တခါရိဂုဏ်တော်ဖြင့် ရှိခိုးပူဇော်ပြီးတဲ့နောက် သပရိဝါရ ဆတ္တဝါယကထေရာပဒါန် တရားကို နာယူကြပါမယ်။ ဒီဘဒ္ဒကမ္ဘာကနေ အထက်ကို ပဋိလောမနည်းနဲ့ ဆန်တက်လိုက်ရင် ကမ္ဘာတစ်သိန်း ထက်မှာ ပဒုမုတ္တိုရ်ရဲ မြတ်စွာဘုရားရှင် ပွင့်ထွန်း ပေါ်ပေါက်ခဲ့ပါတယ်။ ပဒုမုတ္တိုရ်ဘုရားရှင်ဟာ လောက သုံးပါးကို သိတော်မူခြင်း လောကဝိဒူဂုဏ်၊ လျှို့ဝှက် ဝတ္ထု ပစ္စည်းတို့ကို ခံယူတော်မူထိုက်ခြင်း၊ ပဋိဂ္ဂဟာဂုဏ်တို့နှင့် ပြည့်စုံတော်မူပါတယ်။ ကျောင်းတော်မှာ ရဟန်း ပရိသတ်တွေ ခြံရံပြီး တရားတည်းဟူသော မိုးရေဖြင့် ကောင်းကင်မှ မိုးရွာသလို တရားဟောကြားတော် မူနေပါတယ်။ တရားပွဲထဲမှ အမျိုးသားတစ်ဦးဟာ အမြိုက်နိဗ္ဗာန် တရားကို ဟောကြားနေတဲ့ ပဒုမုတ္တိုရ်ရဲ ဘုရားရှင်ကို မြင်တွေ့ဖူးမြင်ရတဲ့အခါ ကြည်ညိုတဲ့ သဒ္ဓါစိတ်ပေါက်ပြီး မိမိအိမ်ကိုပြန်သွားခဲ့ပါတယ်။ အိမ်ရောက်လို့ ထီးကို လှလှပပ ဆန်းဆန်းကြယ်ကြယ် ဖြစ်အောင် တန်ဆာဆင်ပြီး ကျောင်းသို့ယူလာလျက် ဘုရားရှင်ထံ ချဉ်းကပ်ခါ ရွှင်လန်းတက်ကြွသောစိတ်ဖြင့် ထီးကို ကောင်းကင်သို့ မြှောက်တင်ပူဇော် လိုက်ပါတယ်။

ထီးဟာ ကောင်းစွာမောင်းနှင်သောယာဉ်၊ လိမ္မာ ယဉ်ကျေးသော တပည့်ကဲ့သို့ ဘုရားရှင်ထံ ကပ်ရောက်ပြီးနောက် ဘုရားရှင်၏ ဦးခေါင်းပေါ်မှာ မျက်နှာကျက်သဖွယ် တည်ရှိနေပါတယ်။

**ဆတ္တံ အလင်္ကတံ ဂယှ၊ ဥပဂစ္ဆိ နရုတ္တမံ။**

**ဟဒ္ဓော ဟဒ္ဓေန စိတ္တေန၊ အာကာသေ ဥက္ခိပိ အယံ။**

**သုသင်္ဂဟိတယာနံဝ၊ ဒန္တောဝ သာဝကုတ္တမော။**

**ဥပဂန္ဒာန သမ္ဗုဒ္ဓံ၊ မတ္ထကေ သမ္ပတိဋ္ဌဟိ။**

## သပရိဝါရဆတ္တဒါယက အပဒါန်

ဒီအခါမှာ ပဒုမုတ္တိုရ်ဘုရားရှင်က ရဟန်းသံဃာ အလယ်မှာ ထိုင်တော်မူလျက် ထီးအလှူ အနုမောဒနာတရား ဗျာဒိတ်စကားကို ဟောကြားတော်မူခဲ့ပါသည်။

အကြင်သူသည် နှလုံးမွေ့လျော်ဖွယ်ရှိသော တန်ဆာဆင်အပ်သော ဤထီးကို ပေးလှူခဲ့၏။ ထိုသူသည် ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် ဒုဂ္ဂတိဘုံသို့ မရောက်ရလတ္တံ့။ နတ်တို့၌ နတ်မင်းအဖြစ်ကိုလည်း ခုနစ်ကြိမ်ပြုရလတ္တံ့၊ စကြဝတေးမင်းလည်း သုံးဆယ့်နှစ်ကြိမ် ဖြစ်လတ္တံ့။ ကမ္ဘာတစ်သိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်၍ အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

ထိုဂေါတမမြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံလျက် တရားဖြင့် ဖန်ဆင်းအပ်သော သားတော် ရဟန္တာဖြစ်၍ အာသဝတရားခပ်သိမ်းတို့ကို ပိုင်းခြား သိပြီးနောက် ပရိနိဗ္ဗာန်ပြုလတ္တံ့။

**သတ္တက္ခတ္တုံ ဒေဝေသု၊ ဒေဝရဇ္ဇံ ကရိဿတိ။**
**ဗာတ္တိံ သက္ခတ္တုံ ရာဇာ၊ စက္ကဝတ္တီ ဘဝိဿတိ။**

အဲဒီလို ပဒုမုတ္တိုရ်ဘုရားရှင်ထံမှ ထီးလှူရကျိုး တရားကို နာကြားလိုက်ရတဲ့အခါ ထီးအလှူရှင် အမျိုး ကောင်းသားဟာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လာ ခဲ့တယ်။ တသက်ပတ်လုံးလည်း ဒီထီးအလှူကို အမြဲ တမ်းသတိရနေမိတယ်။ စေတနာ (၃)တန်ထဲက အပရ စေတနာတွေဟာ တဖွားဖွားဖြစ်ပွါးနေခဲ့တယ်။ ကုသိုလ် အာသေဝန ဇောတွေဟာ မြစ်ရေအသွင် တသွင်သွင် စီးဆင်းဖြစ်ပေါ်နေခဲ့တယ်။ ဘယ်ကုသိုလ်ပဲ လုပ်လုပ် ဒီအလှူရှင်လို အပရစေတနာတွေ အာသေဝန ကုသိုလ် ဇောတွေ ထပ်ကာ ထပ်ကာဖြစ်ဘို့အရေးကြီးပါတယ်။ ထီးအလှူရှင်ဟာ ကံကုန်သက်တမ်းကုန်လို့ ကွယ်လွန် အနိစ္စရောက်ခါနီးလာပါပြီး။ ကွယ်လွန်အနိစ္စရောက်ခါနီး မှာတော့ သူ့ရဲ့မရဏာ သန္နဇောဟာ ထီးလှူတာကို အာရုံပြုတဲ့အတွက် ကုသိုလ်ဇောစောပြီးတော့ ကွယ်

လွန် အနိစ္စရောက်သွားခဲ့ပါတယ်။ မြတ်စွာဘုရားရှင်က ဗျာဒိတ်ပေးထားပါတယ်။ သူဟာ ငရဲတိရိစ္ဆာန်ပြိတ္တာ အသူရကာယ် အပါယ် (၄)ဘုံ ဒုဂ္ဂတိလေးဘုံကို လုံးဝ မကြွရောက်ရဘူး လူ့ဘုံ၊ နတ်ဘုံ၊ သုဂတိဘုံမှာပဲ ရောက်ရမယ်လို့ ဗျာဒိတ်ပေးထား တာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဗျာဒိတ်ဟာ မလွဲပါဘူး အဲ့တော့ သူကွယ်လွန်တဲ့ အခါ နတ်ပြည်မှာ သွားဖြစ်ပါတယ်။ အလွန်ကြီး ကျယ်ခမ်းနားတဲ့ ဗိမာန်ကြီး ပဒေသာပင်တွေ ယာဉ်တွေ အကုန်လုံးပဲ ပြည့်စုံပါတယ်၊ နတ်ဗိမာန် ကနေ ပြီးတော့ သူအပြင်ဘက်ကို ထွက်လိုက်ပါပြီ၊ ထွက်လိုက် တာနဲ့ အခြံအရံ နတ်သား နတ်သမီးတွေထဲက တဦးတယောက်ကမှ ဘောင်းမပေးရပါဘူး အလို အလျောက် ထီးဖြူကြီးက လာဆောင်းပေးရပါတယ်။ အဲ့ဒီအခါမှာ ထီးဖြူကြီးက သူသွား လေရာနောက် ဘယ်သက်တော်စောင့်ကမှ လိုက်ပြီးတော့ ဆောင်း မပေးရဘူး ဘယ်နတ်သား နတ်သမီး အခြံရံကမှ ဆောင်းမပေးပဲနဲ့ အလိုအလျောက် ထီးဖြူကြီးက သူ သွားလေရာ အပေါ်ကနေ တကောက်ကောက် လိုက်ပြီး ဆောင်းပေးနေတာကို မြင်တဲ့အခါ ဇာတိဿရ ဉာဏ်ရလာခဲ့ပါတယ်။ အော် ငါဟာ ပဒုမုတ္တိုရ်ရဲ့ မြတ်စွာ

ဘုရားရှင်ကို ထီးဖြူလှူဒါန်းခဲ့တဲ့ ကုသိုလ်ကြောင့် ခုလိုနတ်ပြည် ဖြစ်ပြီးတော့ ငါသွားလေရာ ထီးဖြူဟာ ဘယ်သူကမှ ဆောင်းမပေးရပဲနဲ့ အလိုလို လိုက်ပါ ဆောင်း ပေးနေရပါလား သိလိုက်ရပါတယ်။

**ဝိမာနာ နိက္ခမန္တဿ၊ သေတစ္ဆတ္တံ ဓရီယတိ။**
**တဒါ သညံ ပဋိလဘိ၊ ပုဗ္ဗကမ္မဿိဒံ ဖလံ။**

ဗိမာန်ပြင်ဘက်ထွက်လိုက်တာနဲ့ မိုးပဲရွာရွာ နေပဲ ပူပူ ထီးကအလိုအလျှောက် လိုက်ဆောင်းပေးနေတာပဲ ကိုယ်သွားလေရာ မိုးရွာရင်လဲ ထီးက လာဆောင်းပေး မှာပဲ နေပူရင်လဲ လာပြီးတော့ ဆောင်းပေးမှာပါပဲ အဲ့ဒီ တော့ ထီးလှူရတာဟာ အလွန် အကျိုး ကြီးမားပါတယ် တိုတိုပဲ ချုံးကြပါစို့ ပဒုမုတ္တိုရ် မြတ်စွာဘုရားရှင် ဗျာဒိတ်ပေးတဲ့အတိုင်း ကမ္ဘာတစ်သိန်း အတွင်းမှာ အလောင်းတွေ မြင့်မိုရ်တောင်ကြီးမက ထပ်ထပ်ပြီးတော့ ဘဝခန္ဓာတွေဖြစ်ခဲ့ရပေမဲ့ ငရဲတိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ် (၄)ဘုံကို တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ရပါဘူး၊ ပဒုမုတ္တိုရ် မြတ်စွာဘုရားရှင် ဗျာဒိတ် ပေးတဲ့အတိုင်း နတ်မင်းစည်းစိမ် (၇)ကြိမ်ဖြစ်ခဲ့ရပါတယ်။ ကုသိုလ်တွေ ထပ်ပြီးလုပ်လိုက်တဲ့ အခါရောက်တော့

(၃၂)ကြိမ်တွင်မက စကြာဝတေးမင်းဟာ (၃၆)ကြိမ် အထိ ဖြစ်ခဲ့ရပါတယ်။

နောက်ဆုံး ဘုန်းဘုန်းတို့ ဂေါတမဘုရား လက်ထက် ရောက်လာပါပြီ၊ ရောက်လာတော့ သူက မိခင်ရဲ့ ဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေတယ်။ ပဋိသန္ဓေ တည်လိုက်တာနဲ့ တပြိုင်နက် သူ့အမေက ဘယ်သွားသွား ဘယ်သူကမှ လိုက်ဆောင်း မပေးပဲနဲ့ ထီးက သွားလေရာပါနေတယ်။ ခင်ပွန်းလင်ကလဲ လိုက် ဆောင်းပေးတာ မဟုတ်ဘူး အခြွေရံ တွေကလဲ ဆောင်းပေးတာမဟုတ်ဘူး အဲဒီမိခင်လောင်း ဘယ်သွား သွား ထီးက အထက် ကောင်းကင်က အလိုလိုပါနေတာ၊ အဲ့ဒီတော့ အမေက သိတယ် ငါ့ကုသိုလ်တော့ မဟုတ် ဘူး၊ ဝမ်း တွင်းမှာရှိတဲ့ သန္ဓေသားဟာ ဘုန်းကံကြီးတဲ့ သားဖြစ်လို့ပဲ၊ ဒီသားကြောင့် ငါဘယ်သွားသွား ဘယ်သူမှ ဆောင်းမပေးရပဲနဲ့ ထီးဟာ အလိုလို ပါနေ တယ်လို့ သိသွားတယ်။ အဲ့တော့ မအေက ဒီကိုယ်ဝန် သန္ဓေကို သေချာစွာ ရိုရိုသေသေ စောင့်ရှောက်တယ်။ ဒါနဲ့ပဲ မွေးဖွားလာခဲ့ပါတယ်။ ဘုန်းနဲ့ကံနဲ့ သမ္ဘာနဲ့ သူဌေးအိမ်မှာပဲ ဖြစ်ပြီးတော့ မွေးဖွားလာရပါတယ်။

**သြက္ကန္တံ မာတုကုစ္ဆိံ မံ၊ သေတစ္ဆတ္တံ အဓာရယုံ။**
**ဇာတိယာ သတ္တဝဿောဟံ၊ ပဗ္ဗဇိံ အနဂါရိယံ။**

ခုနှစ်နှစ်သားလေး အရွယ်ရောက်တော့ မိခင်ကို ပူဆာလိုက်တဲ့အခါ မိခင်က ကိုရင်ဝတ်ဘို့ ခွင့်ပြု လိုက်တယ်၊ ကိုရင်ဝတ်ဖြစ်ပါတယ်။ ရှင်သာမဏေလေး ဖြစ်လာတယ် သူတို့က ဘယ်သူ့ကို ကိုးကွယ်လဲဆိုတော့ အရှင်သာရိပုတ္တရာကို ကိုးကွယ်တယ်၊ အရှင်သာရိ ပုတ္တရာဆီမှာ ကိုရင်ဝတ်တယ်၊ တစ်ရက်မှာတော့ အရှင်သာရိပုတ္တရာကို သုနန္ဒ ဆိုတဲ့ ပုဏ္ဏားတစ်ဦးက ဖန်ထီးကို လှူဒါန်းပါတယ် ဖန်နဲ့လုပ်ထားတဲ့ ထီးပေါ့လေ၊ ဂျပန်နိုင်ငံမှာတော့ အလင်းရောင် ထီးဆောင်းတာ တွေ့ရတယ်။ အဲ့ဒီအလင်းရောင် ထီးဆိုတော့ ထီးဆောင်းတဲ့ ပုဂ္ဂိုလ်တို့ကို အပေါ်ကကြည့်ရင်လဲ မြင်ရတာပေါ့လေ ဘေးကကြည့်ရင်လဲ မြင်ရတယ်။ အလှမပျက်ဘူးပေါ့လေ၊ အဲ့လိုထီးမျိုးဖြစ်ပါလိမ့်မယ် သုနန္ဒဆိုတဲ့ ပုဏ္ဏားက အရှင်သာရိပုတ္တရာကို ဖန်နဲ့ လုပ်ထားတဲ့ အကြည်ရောင်ထီးကို လှူဒါန်းလိုက်တယ်။

**သုနန္ဒော နာမ နာမေန၊ ဗြာဟ္မဏော မန္တပါရဂူ။**
**ဖလိကံ ဆတ္တမာဒါယ၊ သာဝကဂ္ဂဿ သော တဒါ။**

အရှင်သာရိပုတ္တရာက ဒီဖန်ထီးကို လှူဒါန်းရတဲ့ ကုသိုလ်ကြောင့် ထီးရဲ့ အကျိုးတရားတွေကို ဟောပြ ပေးလိုက်တယ်၊ အဲ့ဒါကို ခုနှစ်နှစ်သားကိုရင်လေးက

နားစိုက်ပြီး ထောင်နေတယ်၊ နားစိုက်ထောင်ရင်းနဲ့ ဇာတိ သဃရညာဏ်ကို ရသွားတယ်။ ခုနှစ်နှစ်သားကိုရင်လေး ဇာတိဿရညာဏ်က ဘယ်လိုရသွားလဲ ဒီဘဒ္ဒကမ္ဘာ ကနေ အထက်ကို ဆန်တက်လိုက်ရင် ကမ္ဘာတစ်သိန်း ထက်မှာပွင့်တဲ့ ပဒုမုတ္တိုရ်ဘုရားရှင်ကို ငါဟာ လှလှပပ ထီးဖြူကို ပြင်ဆင်ပြီးတော့ လှူဒါန်းခဲ့တယ်။

ပဒုမုတ္တိုရ် ဘုရားရှင်ဟာ လေးလေးစားစား ငါလှူဒါန်းလိုက်တဲ့ ထီးဖြူကို လက်နှစ်ဖက်နဲ့ လက်ခံလိုက်တယ်။ အဲဒီ ထီးဖြူဟာ အလိုအလျောက် ဘုရားရှင်ရဲ့ ခေါင်းတော်အထက် ပြန်တက်ပြီးတော့ မျက်နှာကျက်သဖွယ် ဘုရားသွားလေရာ နောက်ကို လိုက်ခဲ့တယ်။ အဲဒါတွေကိုလေ တစ်ခါတည်း ရုပ်ရှင် ပိတ်ကားမှာ ပြန်ပြောင်း ပြီးတော့ ကြည့်သလို အကုန် လုံးပဲ အရိပ်သဖွယ် ပီပီပြင်ပြင် ထင်ထင်ရှားရှား မြင်လိုက်ရတယ်။ အရှင်သာရိပုတ္တရာလည်း ထီးလှူဒါန်း ရခြင်းရဲ့အကျိုးတွေ အားရပါးရဟော သူကလည်း ပဒုမုတ္တိုရ်ဘုရားရှင်က သူ့ကို ဟောခဲ့တာတွေ ပြန်ပြီး တော့ အာရုံမှာ ပေါ်လာတယ်။ ဇာတိဿရညာဏ်ထဲ ပေါ်လာတယ် အဲဒီမှာ ဝမ်းမြောက်ဝမ်းသာ ပီတိ ပါမောဇ္ဇတွေ တဖွားဖွားဖြစ်လာခဲ့ရတယ်။ ဒုတိယ

ဘဝတုန်းက နတ်ပြည်မှာ နတ်သားဘဝ ဗိမာန်က ထွက်တုန်းကလည်း တစ်ကြိမ် ဇာတိဿရဉာဏ် ရခဲ့တယ်။ အဲဒီတုန်းကတော့ လောကီအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်။ ခု ကိုရင် ခုနစ်နှစ် သားလေးအနေနဲ့ ဇာတိဿရဉာဏ်ရတဲ့အခါ ရောက်တော့ လောကီအနေနဲ့ ဝမ်းမြောက်ဝမ်းသာ မဟုတ်တော့ဘူး။ အရှင်သာရိပုတ္တရာက သုနန္ဒ ပုဏ္ဏား အား ဖန်ထီးလှူဒါန်းရခြင်း အကျိုးတွေ လောကုတ္တရာ နဲ့စပ်တဲ့တရားတွေ မဂ်ဖိုလ်နဲ့ စပ်တဲ့တရားတွေ ဝိပဿနာနဲ့ပတ်သက်တဲ့ တရားတွေ ဟောကြား နေတယ်။ အဲ့တော့ သူက အဲဒီတရားတွေနာရင်း နာရင်းနဲ့ တထိုင်တည်းပဲ တဏှာမခြားပဲနဲ့ မဂ်လေးတန် ရပြီးတော့ အရဟတ္တဖိုလ် ဝိမုတ္တိထီးဖြူပါ ရရှိသွားတယ်။ တစ်ထိုင်ထဲပဲ အရှင်သာရိပုတ္တရာ ဟောနေတဲ့တရား နာရင်း ဇာတိဿရဉာဏ်ရ ဝမ်းမြောက်ဝမ်းသာ ပီတိ ပါမောဇ္ဇတွေဖြစ် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး ဝိပဿနာတင်ရှုလိုက်တာ တစ်ထိုင်တည်းပဲ ရဟန္တာဖြစ်သွားတယ်၊ (၇)နှစ်သား အရွယ် ငယ်ငယ်လေး ကိုရင်ဘဝနဲ့ ရဟန္တာဖြစ်သွားတယ်။

**အနုမောဒိ မဟာဝီရော၊ သာရိပုတ္တော မဟာကထိ။**
**သုတွာ’ နုမောဒနံ တဿ၊ ပုဗ္ဗကမ္မံ’ မနုဿရိ။**
**အဉ္ဇလိံ ပဂ္ဂဟေတွာန၊ သကံ စိတ္တံ ပသာဒယိံ။**
**သရိတွာ ပုရိမံ ကမ္မံ၊ အရဟတ္တ’ မပါပုဏိံ။**

ကိုရင်လေးဟာ ရဟန္တာဖြစ်တာနဲ့ ချက်ခြင်းပဲ ထလာပြီးတော့ မြတ်စွာဘုရားရှင်ထံ သွားလိုက်တယ်။ သွားပြီးတော့ ရိုရိုသေသေ ရှိခိုးပြီးတော့ လက်နှစ်ဖက်နဲ့ ဦးတင်ပြီးတော့ လျှောက်ထားလိုက်တယ်။ တပည့်တော်ဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအထက်က အမျိုးကောင်းသားတစ်ဦး ဖြစ်ပြီးတော့ ပဒုမုတ္တိုရ် မြတ်စွာဘုရားရှင်ကို လက်နှစ်ဖက်နဲ့ ရိုရိုသေသေ ထီးဖြူဆက်ကပ်ခဲ့ပါတယ်။ ပဒုမုတ္တိုရ် ဘုရားရှင်ကပဲ လက်နှစ်ဖက်နဲ့ ရိုရိုသေသေ လေးလေးစားစား လက်ခံပြီးတော့ ထီးဖြူဟာ အလိုလျောက် ပဒုမုတ္တိုရ် ဘုရားရှင်ရဲ့ ဦးခေါင်းအထက် မျက်နှာကျက်သဖွယ် ဆောင်မိုးပေးခဲ့ပါတယ်။ ဒီကုသိုလ်ကြောင့် တပည့်တော်ဟာ ကမ္ဘာတစ်သိန်းအတွင်းမှာ အပါယ်လေးဘုံကို မကျရောက်ခဲ့ရပါဘူး။ ယခု (၇)နှစ်သားအရွယ် ကိုရင်ဘဝဖြင့် အာသဝေါတရား ကင်းကွာပြီးတော့ မဂ်လေးတန် ဖိုလ်လေးပါး အရဟတ္တဖိုလ် ဝိမုတ္တိထီးဖြူကို ရရှိသွား

ပါပြီ။ ဒါတင်မက ဝိဇ္ဇာဉာဏ်သုံးပါး အဘိညာဉ်ခြောက်ပါး သမာပတ်လေးပါး ပဋိသမ္ဘိဒါဉာဏ် လေးပါးကိုလည်း ရရှိခဲ့ပါပြီ။ ဒါလေး လျှောက်ပြီး နောက်ဆုံး နိဂုံးချုပ်သွားပါတယ်။ နိဂုံးချုပ်တဲ့ပါဠိက-

**အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊**

**အဟော နော သတ္ထုသမ္ပဒါ။**

**ကေဿတ္တာသ ဒါနေန၊**

**ဒုဂ္ဂတိံ နုပပဇ္ဇဟံ။**

ဗုဒ္ဓါ-မြတ်စွာဘုရားရှင်တို့သည် **အဟော**-အလွန်ပဲ အံ့ဩဖွယ်ကောင်းလှပါပေတယ်၊ ထီးဖြူလေးတစ်လက် လှူဒါန်းလိုက်တာနဲ့ ကမ္ဘာတစ်သိန်းအတွင်းမှာ ဒုဂ္ဂတိ အပါယ်လေး ဘုံမရောက်ပဲနဲ့ သုဂတိဘုံမှာတွေချည်းပဲ ဖြစ်ပြီးတော့ နောက်ဆုံးဘဝမှာ (၇)နှစ်သားအရွယ် ကိုရင်ဘဝဖြင့် အရဟတ္တ ဖိုလ် ဝိမုတ္တိ ထီးဖြူကို ကိုယ်တိုင်ရရှိသွားတာဟာ ဘုရားကို ထီးဖြူလှူဒါန်း ရတဲ့အတွက် ဘုရားရှင်တို့ဟာလည်းပဲ အလွန် အံ့ဩဖွယ်ကောင်းလှပါတယ်၊ “**အဟော ဓမ္မော**” ပဒုမုတ္တိုရ်ဘုရားရှင် ဟောကြားလိုက်တဲ့တရား အရှင်သာရိပုတ္တရာ ဟောကြားလိုက်တဲ့ ထီးနဲ့စပ်တဲ့ တရားတို့ဟာလည်းပဲ

အလွန်ပဲ အံ့ဩဖွယ်ကောင်း လှပါတယ်။ ပဒုမုတ္တိုရ် ဘုရားရှင် ဟောကြားတဲ့ တရားကို နာပြီး ထက်သန် ပြီးတော့ ကုသိုလ်လုပ်ဖြစ်ပါတယ်၊ ဒီထက်သန်တဲ့ ကုသိုလ်ကပဲ အထက်နတ်ပြည်ကို ပို့ပေးခဲ့ပါတယ်။ ရဟန္တာအဖြစ်ကို ရောက်ရှိခဲ့ပါတယ်။ အရှင်သာရိ ပုတ္တရာက သုနန္ဒပုဏ္ဏားကို ဟောကြားနေတဲ့ ထီးအလှူ အနုမောဒနာ တရားနာကြားပြီးတော့ ဝမ်းမြောက် ဝမ်းသာဖြစ် ဇာတိဿရဉာဏ်ရ ပီတိပါမောဇ္ဇတွေဖြစ် လက္ခဏာရေး သုံးပါးတင် ဝိပဿနာရှုမှတ်လိုက်တဲ့ အတွက် ခုလို ကိုရင်ဘဝဖြင့် အရဟတ္တဖိုလ် ဝိမုတ္တိ ထီးဖြူကို ရရှိလိုက်တဲ့အတွက် တရားတော်တို့ဟာလည်း အလွန်ပဲ အံ့ဩဖွယ် ကောင်းလှပါတယ်။ **"အဟော နော သတ္ထု သမ္ပဒါ"** **နော**-တပည့်တော်တို့၏၊ **သတ္ထုသမ္ပဒါ**- ဆရာဘုရားရှင် ဆရာအရှင်သာရိပုတ္တရာတို့နှင့် ပြည့်စုံ မှုဟာလည်းပဲ ဆရာကောင်းတပည့် ဖြစ်ရခြင်းတို့ဟာ လည်းပဲ၊ **အဟော** - အလွန်ပဲ အံ့ဩဖွယ်ကောင်းလှ ပါပေတယ်၊ အဲဒီလို ကြွေးကြော်ထားသွားခဲ့တယ်။

ဒါကို အပါဒါန်ပါဠိတော် သပရိဝါရဆတ္တဒါယက ထေရာပဒါန်ဆိုပြီးတော့ ကိုယ်ရေး အတ္ထုပ္ပတ္တိကို (၇)နှစ်သားအရွယ် ရဟန္တာကိုရင်လေးက မြတ်စွာဘုရား

ရှင်အား လျှောက်ထားပြလိုက်တာ ဖြစ်ပါတယ်။ ဒီဒေသနာတော်အရ ဘာကိုပြောလိုချင်သလဲ မိမိတို့အခု ထီးလှူတဲ့အခါ လူ့စည်းစိမ် လူချမ်းသာတွေ၊ နတ်စည်းစိမ်၊ နတ်ချမ်းသာတွေ ဒါတွေကို ရည်ညွှန်းပြီးတော့ လှူဒါန်းရမှာ မဟုတ်ဘူး၊ ဝိမုတ္တိထီးဖြူ လို့ခေါ်တဲ့ အရဟတ္တဖိုလ်ကို ရည်မှန်းပြီးတော့ လှူဒါန်းရမှာပါပဲ၊ လှူဒါန်းတဲ့အခါမှာလဲ ဝတ်ကျေ၊ တန်းကျေ၊ စီးပွားရေးကောင်းလို့ လှူဒါန်းတာမဟုတ်ပဲနဲ့ အဲ့ဒီအမျိုးကောင်းသားလို မွန်မွန်မြတ်မြတ် ထီးကို ပြုလုပ်ပြီးတော့ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းရမှာပါ။

အဲ့ဒီတော့ ဘယ်အရွယ်နဲ့ ရဟန္တာ ဖြစ်သွားလဲ ဆိုတော့ (၇)နှစ်သားနဲ့ ရဟန္တာဖြစ်သွားတယ်၊ အဲ့ဒီတော့ ဘုန်းဘုန်းတို့ တရားခေါင်းစဉ်နာမည်က "ထီးအလှူ ကြီးသူပဖြစ်မြဲ"။ အဲ့ဒီတော့ ဒီနာမည်နဲ့ ကိုရင်သပရိဝါက ဆတ္တဒါယကရဲ့ ဘဝဇာတ်ကြောင်းနဲ့ ကိုက်ညီမသွားဘူးလား၊ အကြီးအကဲအနေနဲ့ နတ်ပြည်မှာ သိကြားနတ်မင်း (၇)ကြိမ်ဖြစ်ရတယ်၊ လူ့ပြည်မှာလည်း တစ်မိုးအောက် တယောက်လို့ခေါ်ရတဲ့ စကြာဝတေးမင်း အနေနဲ့ (၃၆)ကြိမ်ဖြစ်ရတယ်၊ ပုထုဇဉ်လောက သောတာပန်လောက သကဒါဂါမ်လောက အနာဂါမ်

လောကထက်ပိုပြီးတော့ အကြီးအကဲဖြစ်တဲ့ပုဂ္ဂိုလ်က ဘာပုဂ္ဂိုလ်လဲဆိုတော့ ရဟန္တာပုဂ္ဂိုလ်ပါ၊ ရဟန္တာအနေနဲ့ဖြစ်ပြန်တော့လည်း သာမညရဟန္တာမဟုတ်၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီး ဖြစ်ရတယ်၊ အဲဒီတော့ ရဟန္တာအကြီးအကဲအနေနဲ့ပါ ဖြစ်လိုက်ရတယ်၊ အဲဒီတော့ ခေါင်းစဉ်မှာ နာမည်ပေးထားတဲ့အတိုင်း "ထီးအလှူ ကြီးသူပဖြစ်မြဲ"၊ ဒီဒေသနာရဲ့ ဒီနေ့ ထီးအလှူရှင်ဖြစ်တဲ့ ဦးတင်ဒွေးဦး+ဒေါ်ခင်ခင်ကြူတို့ မိသားစုတွေလည်း ကိုရင်သပရိဝါကဆတ္တဒါယက ရတဲ့အတိုင်း အကြီးအကဲဖြစ်ရခြင်းအကျိုးတွေ ရနိုင်တယ်၊ ဘုန်းဘုန်းတို့တရားပွဲ ထီးအလှူ ကြီးသူပဖြစ်မြဲဆိုတဲ့အတိုင်း ဒီနေ့ အံတော်စေတီအတွင်းမှာ ဗိုလ်မာန်အောင်စေတီ အသစ်တည်ရခြင်း ဂန္ဓကုဋီအသစ်ဆောက်လှူဒါန်းရခြင်း၊ ရွှေထီးအသစ် လှူဒါန်းရခြင်းကုသိုလ်ကြောင့် ဦးတင်ဒွေးဦး+ဒေါ်ခင်ခင်ကြူ မိသားစုအနေနဲ့ လောကီမှာ အကြီးအကဲအနေနဲ့ နတ်မင်းအကြီးအကဲ စကြာဝတေးမင်းအကြီးအကဲ အကျိုးအပြင် လောကုတ္တရာမှာ ရဟန္တာအကြီးအကဲ မလွဲမသွေရရှိသွားမှာဖြစ်ပါတယ်။ အခု ဘုန်းဘုန်းတို့ "ထီးအလှူကြီးသူပဖြစ်မြဲ"တရားက သပရိဝါကဆတ္တ ဒါယက

ထေရာပဒါန် ပါဠိတော်လာတဲ့အတိုင်း အကျိုး(၃)မျိုးကို ပြောပြီးသွားပြီ၊ ဖြန့်ဝေလိုက်တဲ့ စာရွက်မှာတော့ ပိလိန္ဒဝစ္ဆထေရာပဒါန်လာ ထီးလှူရခြင်းအကျိုး (၈)မျိုး အထိ ဖော်ပြထားတယ်၊ ရှစ်မျိုးက ဘာတွေလဲဆိုတော့-

## ပိလိန္ဒဝစ္ဆတ္ထေရာပဒါန်လာ
## ထီးလှူရကျိုးများ ၈-ပါး

၁။ အပူအချမ်း မရှိခြင်း၊ မသိခြင်း၊

၂။ ကိုယ်၌ မြူကြေးညှင်းမတင် သန့်ရှင်းခြင်း၊

၃။ ဘေးဥပဒ် မရှိခြင်း၊

၄။ စိုးရိမ်းကြောင့်ကြ မရှိခြင်း၊

၅။ သူခပ်သိမ်းတို့ ရိုသေရခြင်း၊

၆။ သိမ်မွေ့နူးညံ့သော အရေအဆင်းရှိခြင်း၊

၇။ စိတ်နှလုံးသန့်ရှင်းခြင်း၊

၈။ အရဟတ္တဖိုလ် ထီးဖြူကို ဆောင်းရခြင်းတို့ ဖြစ်ပါတယ်။

ဒီအကျိုး(၈)မျိုးကို မလွဲမသွေ ရရှိမှာဖြစ်ပါတယ်၊ အဲဒီတော့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေး ဆိုလိုက်ကြရပါမယ်၊

(လင်္ကာ) ပူချမ်းမသိ၊ ကြေးညိမတင်၊ ကင်းစင်ရန်ဘေး၊ ကင်းဝေး နှောက်ယှက်၊ မပျက်ရှိသေ၊ အရေနုနယ်၊ စင်ကြယ်နှလုံး၊ ဆောင်သုံး ရိပ်ဖြူ-ဤရှစ်ဆူသည် ထီးလျှုခြင်း၏ အကျိုးတည်း။

*မဟာဝိသုဒ္ဓါရုံဆရာတော်)*

အဲဒီတော့ ထီးလှူဒါန်းရခြင်းရဲ့အကျိုး နှစ်မျိုးသိသွားပြီးပေါ့၊ ပထမ-သပရိဝါကဆတ္တဒါယကထေရာပဒါန် ပါဠိတော်အတိုင်းဆို (၃)မျိုး၊ ဒုတိယ-ပိလိန္ဒဝစ္ဆထေရာပဒါန်ပါဠိတော်အတိုင်းဆို (၈)မျိုးရသွားတယ်။ အကြီးအကဲဖြစ်တယ်၊ အဲဒီအကြီးအကဲကရာထူးအာဏာရှိပြီး ငွေကြေးစီးပွာဥစ္စာ မရှိဘူးဆိုရင်ချမ်းသာပါ့မလားဆိုရင် မချမ်းသာပါဘူး၊ ငွေကြေးစီးပွားဥစ္စာလည်း ချမ်းသာမှ လောကဆိုတာ နေရ ထိုင်ရတာ ပျော်စရာ ကောင်းတာ၊ ရာထူးအာဏာတော့ ရှိပါတယ် ဆင်းရဲတဲ့ မွဲတဲ့ဘုရင်၊ ဆင်းရဲတဲ့ မွဲတဲ့ သမ္မတ၊ ဆင်းရဲတဲ့ မွဲတဲ့ ဝန်ကြီးချုပ်တို့ဆိုရင် သူ့တိုင်းပြည်ကိုချမ်းသာအောင် မလုပ်ပေးနိုင်ပါဘူး၊ သူက ရာထူးအာဏာသာရှိတာ၊ ဘုရင်တော့ဘုရင်ပဲ မွဲတဲ့ဘုရင်၊ ဝန်ကြီးချုပ်တော့ ဝန်ကြီးချုပ်ပဲ၊ ဆင်းရဲတဲ့မွဲတဲ့ ဝန်ကြီးချုပ်၊ သမ္မတတော့ သမ္မတပဲ၊ ဆင်းရဲတဲ့ မွဲတဲ့သမ္မတ

ဆိုရင် အလုပ်မဖြစ်ဘူး၊ အခု ပြီးခဲ့တဲ့ ဇန်နဝါရီလ (၂၀)ရက်နေ့ကမှ သမ္မတအနေနဲ့တက်လာတဲ့ အမေရိကန်သမ္မတအသစ်က ဒေါ်နယ်ထရန့်ပါ၊ ဒေါ်နယ်ထရန့်ကတော့ အကြီးအကဲလည်းဖြစ် ချမ်းလည်းချမ်းသာတယ်၊ သူနေတဲ့နေရာကနေပြီးတော့ ဝါရှင်တန်မြို့ သမ္မတနန်းတော် အိမ်ဖြူတော်ကို လာတာတောင်မှ သမ္မတအဆက်ဆက်စီးတဲ့ ဂျက်လေယာဉ်ကို မစီးဘူး၊ သူ့ကိုယ်ပိုင် ဂျက်လေယာဉ်နဲ့ စီးပြီးလာတာ၊ အဲဒီတော့ အမေရိကန်သမ္မတ ဒေါ်နယ် ထရန်ကတော့ မိုးအောက်မြေပြင် တကမ္ဘာလုံးရဲ့ သမ္မတ လိုပါပဲ၊ အကြီးအကဲလည်းဖြစ် ချမ်းသာကြွယ်ဝမှုနဲ့လည်း ပြည့်စုံတယ်၊ အဲ့ဒီလိုမျိုးမှ လူ့ဘဝဟာ ပြည့်စုံတာပါပဲ၊ အဲဒီတော့ ဆုတောင်းတဲ့အခါ မြတ်သောဆုတောင်း ဖြစ်ဖို့လည်း လိုအပ်တာပါပဲ၊ အခု ထီးသုံးလက်ဘုရားရှင် ပိုင်ဆိုင်တာကို အာရုံပြုပြီးတော့ ထီးသုံးလက်ထဲက လူမင်းရဲ့ ထီးလည်း ဆုတောင်းစရာမလိုဘူး၊ ဗြဟ္မာမင်းရဲ့ ထီးလည်း ဆုတောင်းစရာမလိုဘူး၊ ဘာထီးကိုပဲ ဆုတောင်းရမှာ လည်းဆိုတော့ အရဟတ္တဖိုလ် ဝိမုတ္တိ ထီးကိုပဲ ဆုတောင်းရမယ်၊ ဒါကတော့ ရည်မှန်းချက် ပန်းတိုင်ပေါ့လေ၊ အရဟတ္တဖိုလ် ဝိမုတ္တိထီးကို မရရင်

ဘဝသံသရာမှာ ကျင်လည်ရအုံးမယ်၊ အခု ဘုန်းဘုန်းတို့ သပရိဝါက ဆတ္တဒါယကကိုရင်လေးဆိုရင် ဘယ်လောက်ထိကျင်လည်ခဲ့ရလဲဆိုတော့ ကမ္ဘာတစ်သိန်း ကျင်လည်ခဲ့ရတယ်။

ပိလိန္ဒဝစ္ဆမထေရ်လည်း ကမ္ဘာတစ်သိန်း ကျင်လည်ခဲ့ရတယ်၊ အဲဒီလိုကျင်လည်တဲ့အခါ အကြိုးအကဲ ဖြစ်ရုံနဲ့ လုံလောက်ရဲ့လားဆိုတော့ မလုံလောက်ပါဘူး၊ ချမ်းသာကြွယ်ဝဖို့ သူဌေးဖြစ်ဖို့ ခုခေတ်စကားနဲ့ဆိုရင် ခရိုနီသူဌေးဖြစ်ဖို့ လိုအပ်ပါတယ်၊ အဲဒီတော့ မြတ်သောဆုတောင်းနည်းနဲ့ ဆုတောင်းကြရမယ်၊ ရှေးပညာရှိ သူတော်ကောင်းတွေ ဆုတောင်းတဲ့ ဆုတောင်းနည်းပါပဲ။

## မြတ်သောဆုတောင်း (၄)မျိုး

ဒဒတော မေ န ခီယေထ၊ ဒတွာ နာနုတပေယျဟံ။
ဒဒံ စိတ္တံ ပသာဒေယျံ၊ အဒိန္နံ န ဗလံ ဟရေ။

(၁) မေ-တပည့်တော်၏။ ဓနံ-စည်းစိမ်ဥစ္စာ ရတနာသည်။ ဒဒတော-စွန့်ကြဲပေးကမ်း လှူဒါန်းသော်လည်း။ န ခီယေထ-မကုန်ခန်းနိုင်ပါစေသတည်း။ (၂) အဟံ-တပည့်တော်သည်။ ဒဒံ-စွန့်ကြဲ ပေးကမ်း လှူဒါန်းဆဲအခိုက်မှာလည်း။ စိတ္တံ-မိမိစိတ်ကို။ ပသာဒေယျံ-ကြည်လင်ရွှင်လန်း ဝမ်းမြောက်စေနိုင်

ရပါလို၏။ (၃) ဒတ္တာ-စွန့်ကြဲပေးကမ်း လှူဒါန်းပြီး ၍လည်း။ နာနုတပေယျ-နောင်တတစ်ဖန် မပူပန် ရပါလို။ (၄) အဒိန္န-ကိုယ်ထိလက်ရောက် မျက်မှောက် ကြည်ဖြူ မလှူမပေးအပ်သည်ရှိသော်။ န ဗလံ ဟရေ- အနိုင်အထက် နှိပ်စက်ကလူ မယူမဖျက် မခိုးဝှက်နိုင်ပါ စေသတည်း။ *(အမရပူရ မဟာဂန္ဓာရုံဆရာတော်)*

ဒါက ပါဠိလို ဆုတောင်းနည်းပေါ့၊ အဓိပ္ပါယ်က ပေးကမ်းလှူဒါန်းတဲ့အခါ မကုန်မခမ်းနိုင်အောင်ကိုပဲ လှူဒါန်း ပေးကမ်းနိုင်ရပါလို၏၊ ဒါက ပထမဆုတောင်း၊ ခုခေတ် ဒကာ ဒကာမတွေ ဆုတောင်းနေတာက သူဌေးကြီး ဖြစ်ရပါလို၏တဲ့၊ ဒါနကုသိုလ်ကို ကိုယ်က လှူဒါန်းထားတော့ လှူဒါန်းတဲ့ဒါနကုသိုလ်က ဒါနတော ဘောဂဝါ-ဆိုတဲ့ ဒေသနာတော်အရ သူဌေးကြီး ဖြစ် အောင် ခရိုနီသူဌေးကြီးဖြစ်အောင် အကျိုးပြုလိုက် ပါတယ်၊ ဒါပေမယ့် အဲ့ဒီသူဌေးကြီးက မလှူရက် မတမ်းရက် နှမြောကပ်စေးနဲတဲ့ သူဌေးကြီးဖြစ်ရင် ဘယ်နဲ့လုပ်မလဲ၊ ကိုယ်ကိုတိုင်ကလည်း မလှူဘူး၊ ကိုယ့် မိသားစုလည်း မကျွေးဘူး နှမြောကပ်စေးနဲတဲ့ သူဌေး ကြီးဆိုရင်တော့ ဒီသူဌေးကြီးက ဒီတဘဝပဲ ချမ်းသာ ကြွယ်ဝမယ်၊ အဟောင်းစားတဲ့ သူဌေးကြီးပဲဖြစ်မယ်၊

အများပြည်သူလူထု အကျိုးကျေးဇူး မများပါဘူး။ နောက်တမလွန် ဘဝသံသရာမှာ သူဌေးမဖြစ်နိုင်တော့ဘူး၊ အဲ့ဒီတော့ သူဌေးကြီးဖြစ်ရပါလို၏လို့ ဆုတောင်းနေရုံနဲ့ မပြည့်စုံဘူး။ အခု ဆုတောင်းနေတာက ပေး၍မကုန် လှူ၍မခမ်းနိုင်အောင် လှူဒါန်းနိုင်ရပါလို၏လို့ ဆုတောင်းလိုက်တော့ အဲဒီလောက်ကြီး လှူဒါန်းနေမှတော့ သူဌေးဖြစ်နိုင်ပါတယ်၊ ဖြစ်ပြီးတဲ့နောက် နှမြောကပ်စေးနဲ့တွန့်တိုတဲ့ သူဌေး မဟုတ်ဘူး၊ လှူချင်တိုင်းလှူမကုန်ခမ်းနိုင်ဘူး၊ ပေးချင်တိုင်းပေး မကုန်ခမ်းနိုင်ဘူး၊ အဲဒီတော့ တချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားတယ်၊ အဲ့ဒီလို ဆုတောင်းရမှာ။

ဘုန်းဘုန်းတို့ ဗာရာဏသီပြည်မှာ သူဌေးတဦးရှိတယ်၊ ကုဋေ(၈၀)သူဌေးသား၊ ဒါက သူ့ဘက်ကပိုင်ဆိုင်တဲ့ ချမ်းသာကြွယ်ဝမှုပါ၊ သူ့ဇနီးကလည်း သူ့လိုပဲကုဋေ(၈၀)ကြွယ်ဝတဲ့ သူဌေးသမီးပဲ၊ ကုဋေ(၈၀) သူဌေးသားနဲ့ ကုဋေ(၈၀)သူဌေးသမီး လက်ထပ်လိုက်တော့ ကုဋေပေါင်း (၁၆၀)ချမ်းသာတဲ့ သူဌေးနဲ့ သူဌေးကတော်ဖြစ်သွားတယ်၊ သူတို့ သောက်စား သုံးဖြုန်း ပစ်လိုက်တော့ ကုဋေ(၁၆၀) ကုန်ပြီး အဖိုးကြီးအဖွားကြီးဘဝမှာ နေစရာထိုင်စရာအိမ်လည်း မရှိတော့ဘူး၊ အတွင်းပစ္စည်း

လည်း မရှိတော့ဘူး၊ ခြံတွေ လယ်တွေလည်း မရှိဘူး၊ အဲဒီတော့ တောင်ဝှေးကိုင် ခွက်ကိုကိုင်ဆွဲပြီးတော့ တောင်းစားရတဲ့ သူတောင်းစားဘဝရောက်သွားတယ်၊ ဒါ ဘုန်းဘုန်းတို့ လေးတန်းကျောင်းသားဘဝတုန်းက ရေးသရောအခါ ပြည်ဗာရာဝယ်ဆိုပြီးတော့ ကုဋေ(၈၀) သူဌေးသား သင်ခဲ့ရဘူးတယ်၊ အဲဒီလို ကုဋေ(၈၀) သူဌေးသား ကုဋေ(၁၆၀)သူဌေးဟာ ခရိုနီအဆင့်ပဲ၊ သူဌေးတော့ဖြစ်တယ် မလှူမတန်းတဲ့အတွက် မွဲပြီးတော့ သူတောင်းစားဖြစ်သွားတယ်၊ အဲ့ဒီတော့ လှူဒါန်း ပေးကမ်းပြီးသွားရင် သူဌေးအဖြစ်ကို ဆုမတောင်းရဘူး၊ ပေး၍မကုန် လှူ၍မခမ်းနိုင်အောင် လှူဒါန်းနိုင်ရပါ လို၏လို့ ဆုတောင်းရမယ်၊ အဲဒီတော့ ပထမဆုတောင်း ပြီးသွားပြီဆိုတော့ ဖြန့်ဝေထားတဲ့ စာရွက်လေးကို ကြည့်ပီးတော့ လိုက်ဆိုလိုက် ရအောင်-----

**(လင်္ကာ) အလှူဒါန၊ မြတ်ခမ္မ၊ နိစ္စပြုရလို့။**

အဲဒီတော့ ပဌမဆုတောင်းတချက်ပြီးသွာပြီ၊ ဒုတိယဆုတောင်းတချက် ပြောရအောင်၊ ဒဒံ စိတ္တံ ပသာဒယေ= လှူဒါန်းပေးကမ်း နေတဲ့အခိုက် မုဥ္စ စေတနာဖြစ်နေတဲ့အခိုက်မှာ စိတ်ဟာ ကြည်လင်ဖြူစင် နေရမယ်။ အကယ်၍ လှူဒါန်းပေးကမ်းနေတဲ့ အခိုက်

မုဋ္ဌစေတနာ အခိုက်မှာ စိတ်ဟာ မကြည်လင်ဘူး ဥဒ္ဓစ္စ အနေနဲ့ ပျံ့လွင့်နေမယ် ညစ်ညူးနေမယ်ဆိုရင်လဲ မသင့်တော်ဘူး၊ အဲတော့ ဘုန်းဘုန်းတို့ ရှေ့တုန်းက အညာဘက်မှာ တောသူတောင်သားတွေက ဘယ်လို လှူလဲဆိုတော့ ရှင်ပြုနားသအလှူ လှူပြီဆိုလို့ရှိရင် အဖိတ်ကြားခံရတဲ့ ပုဂ္ဂိုလ်တွေက အလှူကို ကူညီပြီးတော့ ထည့်ရတယ်။ အောက်ပြည်မှာရော အဲဒီလို အကူထည့်တဲ့ အလေ့အထရှိလား၊ မရှိပါဘုရား၊ အညာမှာတော့ ဖိတ်စာပေးလိုက်တယ်ဆိုရင် အဲဒီဖိတ်စာရတဲ့ ပုဂ္ဂိုလ်က အဲဒီအလှူကို ကူပြီးထည့်ရတယ်၊ အဲဒီမှာ တကာတစ်ဦးပေါ့လေ၊ အလှူအကြီး အကျယ်ပေးတယ်၊ ပေးတဲ့အခါ သူများတွေစိက ငွေတွေကို ချေးငှါး ဆွဲယူပြီးတော့ အလှူထဲ ထည့်လိုက်တယ်၊ ဇာတ်ကလဲ ငှားလိုက်သေးတယ်၊ ဇာတ်ကလဲ ငှားလိုက်တယ်ဆိုတော့ အလှူကြီးပေါ့လေ၊ ကျွေးတာမွေးတာကတော့ ဝက်သားဟင်း သပြွန်းဟင်းနဲ့ကျွေးလိုက်တယ်၊ အကြီးအကျယ်ကို ကျွေးလိုက်တယ်၊ ပင့်တဲ့သံဃာတော်တွေကိုလဲ ထိုက်ထိုက်တန်တန် လှူဒါန်းတယ်ပေါ့လေ၊ အညာဘက်မှာ မနက်ခင်းဆို မဏ္ဍပ်ထဲမှာ ဆွမ်းပင့်ကပ်တယ်၊ ဆွမ်းပင့်ကပ်ပြီးတော့ သံဃာဒါန ဆွမ်းကြီးလောင်းလှူ လိုက်

တယ်၊ ဘုန်းကြီးတွေပြီးပြီဆိုမှ လူတွေကို တနေ့လုံး ကျွေးပြီး ညနေမှ အလှူပရိတ်တရားနာရတယ်၊ ဘုန်းကြီးတွေ ပြန်ကြွလာရတယ်။ ကြွလာပြီးတော့ ပလ္လင်ပေါ်မှာ ဓမ္မကထိက ဘုန်းကြီးက ထိုင်ပေါ့၊ ရှေ့မှာ တော့ ကန်တော့ပွဲတွေချပေါ့ အောက်မှာတော့ အလှူ ဒကာနဲ့ တရားနာပရိသတ်တွေနာကြပေါ့၊ အဲဒီတော့ ဟောတဲ့ဘုန်းကြီးက ရှေ့ကကန်တော့ပွဲကို ကြည့်လိုက် တဲ့အခါ ငှက်ပျောပွဲ အုန်းပွဲမှာ ငှက်ပျောသီး တွေက အရမ်းစိမ်းနေတယ်၊ စိမ်းနေတော့ ဟောရပြောရတာ စိတ်ကသိပ်မပါဘူး၊ အင်း ဒီငှက်ပျောသီးကလည်း စိမ်း လိုက်တာ ငါ့ကျောင်းက ကိုရင်တွေကျွေးဘို့ ဒီငှက်ပျော သီးစိမ်းကို ဘယ်လိုကျွေးရမလဲ၊ မှည့်အောင် ဘယ်လို အုပ်ရမလဲ၊ အဲဒီလိုစဉ်းစားပြီးတော့ တရားဟောတယ်၊ အခုဒီပွဲမှာတော့ ငှက်ပျောပွဲ အုန်းပွဲမပါဘူးနော်၊ မပါပါဘူရား၊ အဲဒီတော့ စိတ်ပျံ့လွင့်စရာ မရှိတော့ဘူး ပေါ့လေ။ အဲဒီတော့ ဘုန်းကြီးက ငှက်ပျောသီးစိမ်းတာ ကို ကြည့်ပြီးတော့ စိတ်ပျံ့လွင့်နေလို့ ဘာတရား ဟော လိုက်မှန်း မသိဘူး၊ အလှူဒကာကလဲ တရားနာနေတယ်၊ ငါဘယ်သူ့ဆီက ဆွဲထားတဲ့ငွေက ဘယ်လောက်၊ မနက်က ငါဖိတ်လိုက်တဲ့ ဧည့်သည်တွေ ငါ့စီပြန်ကူတဲ့

ရတဲ့ငွေက ဘယ်လောက်၊ ဇာတ်ငှားထားတဲ့ငွေက ဘယ်လောက် စရံပေးထားတယ် ပွဲကပြီးရင် ဘယ်လောက် ငွေချေရမယ်၊ ရတဲ့ငွေနဲ့ ငါချေးထားတဲ့ ငွေက ကိုက်မှကိုက်ပါ့မလား အရှုံးများပေါ်နေမလား အဲဒီလို အလျှုဒကာက တွက်ချက်နေတာ၊ ဟောတဲ့ ဘုန်းကြီး ဘာတရားဟော နေမှန်း သူမသိလိုက်ဘူး၊ တရားနာပရိသတ် ထဲမှာလဲ ငါးစိမ်းသည်မ ငါးရောင်းတဲ့ အမျိုးသမီးလည်း ပါနေတယ်၊ သူကလဲ မကင်းရာ မကင်းကြောင်းဆိုပြီး အားနာပါးနာနဲ့ တရား လာနာ တယ်၊ တရားနာနေပေမဲ့ စိတ်က သိပ်မပါဘူး၊ မနက်က တံငါသည်ခင်ပွန်းသည်က ငါးတွေပေးထားတယ်၊ အဲဒီငါးတွေက တရားနာနေတော့ ရှာထဲလှည့်ပြီး သူမရောင်းရဘူး၊ အရင်နေ့တွေက ငါးတွေကလဲရှိ သေးတယ်၊ ဒီနေ့ရတဲ့ ငါးအသစ်တွေကလည်း မရောင်း ရသေးဘူး၊ ညနေကျရင် ငါ့ယောကျ်ားကတော့ ဆူတော့ မှာပဲလို့ တွေးပြီး သူ့ရဲ့ကုန်ပစ္စည်းငါးတွေဆီ စိတ်ရောက် နေတယ်၊ ဒါနဲ့ပဲတရားပွဲ ရေစက်ချပြီးသွားတယ်၊ ပြီးသွားတော့ အိမ်ပြန်ပေါ့လေ၊ အိမ်ပြန်တော့ ခင်ပွန်း သည် တံငါသည်က ပြန်ရောက်နေပြီ၊ မိန်းမ-- နင်ငါးတွေရောင်းရတာ ကိုက်ရဲ့လားလို့ မေးလိုက်တော့

ဇနီးက လိမ်လို့မဖြစ်ဘူး၊ အဲဒါနဲ့ ငါးစိမ်သည်မက အမှန်အတိုင်း ပြောရတာပေါ့ ကျွန်မကလဲ တရားသွား နာတာပဲ၊ ဒါပေမဲ့ ငါးတွေက ဈေးမရောင်းရတော့ ပုတ်များ သွားမလားဆိုပြီးတော့ ငါးတွေဆီကို စိတ်က ရောက်နေတယ်၊ ကျွန်မကြားလိုက်တာကတော့ ဆားတန်းကြီးကို ဆင်နင်းသွားတယ်လို့ ကြားတာပါပဲ၊ ဒီရွာက ဘာရွာတဲ့လဲ ဆားမလောက်ကျေးရွာပါဘုရား၊ ငါးစိမ်သည်မက သူ့ယောကျ်ားကို ပြောတာကလဲ ကျွန်မ ကြားလိုက်တာကတော့ ဆားတန်းကြီးကို ဆင်နင်း သွားတယ် လို့ကြားတာပဲလို့ ဖြေလိုက်တယ်၊ အမှန်က ဟောတဲ့ဘုန်းကြီးက ဆဒ္ဒန္တဇာတ်ကိုဟောတာ၊ ဆဒ္ဒန္တ ဇာတ်ကိုဟောတာကို သူကြားတာက ဆားတန်းကြီးကို ဆင်နင်းသွားတယ်လို့ကြားတာ၊ ခင်ပွန်းသည်က နင့်တရားနာမည်က ဘယ်လိုကြီးတုန်းဟ၊ ဆားတန်း ကြီးကို ဆင်နင်သွားတယ်လို့ ၊ ငါ့ဖြင့်မကြားဖူးပါဘူးလို့ ပြန်ပြောလိုက်သတဲ့၊ အခု ဆားမလောက် ကျေးရွာ မှာတော့ ဆင်နင်းသွားသေးလား၊ မနင်းပါဘူးဘုရား၊ ဆင်လဲမရှိလောက်ပါဘူးနော်၊ နေဦး ကျွန်မအလှူ ဒါယကာကို သွားမေးလိုက်ဦးမယ်၊ အလှူဒါယကာကြီး ခုနက ပလ္လင်ပေါ်ကနေပြီးတော့ တရားဟောဘုန်းကြီးက

ဘာတရားဟောသွားလဲ ကျွန်မက ရောင်းရမဲ့ငါးတွေဆီ စိတ်ရောက်နေတော့ မမှတ်မိလိုက်ဘူး၊ ခင်ပွန်းသည်က မေးတော့ ကျွန်မ မပြောနိုင်လို့ ရှင့်ကိုလာမေးတာပါ၊ ဒီအခါမှာ အလှူရှင်က ငါလည်း ဘာဟောသွားမှန်း မသိလိုက်ဘူး ဘယ်သူ့ ဆီက ဆွဲထားတဲ့အကြွေးက ဘယ်လောက်၊ မနက်က လူတွေ ကူတာက ဘယ် လောက်၊ ဇာတ်ကို စရံ ပေးထားတာက ဘယ်လောက်၊ ဇာတ်ကပြီးရင် ငွေချေရမှာက ဘယ်လောက်၊ အဲဒီ အကြွေးတွေနဲ့ ရတဲ့ငွေနဲ့ပဲ ငါစဉ်းစားနေတာ ဘာတရား ဟောလိုက်မှန်းမသိဘူး၊ အဲဒီတော့ သိမည့် ပုဂ္ဂိုလ်က တော့ တဦးပဲရှိမယ်၊ တရားဟော ရှာဦးကျောင်း ဘုန်း ကြီးပဲ သွားမေးချည်တဲ့၊ သူကဟောတဲ့ ဘုန်းကြီးဆိုတော့ သိလိမ့်မယ်လို့ ညွှန်လိုက်တယ်၊ ဒါနဲ့ ငါစိမ်းသည်မက ရှာဦးကျောင်းကို သွားတယ်၊ ရှာဦးကျောင်းဘုန်းကြီးကို သွားလျှောက်တော့ အရှင်ဘုရား ညနေက ဘာတရား ဟောလိုက်တာတုန်း တပည့်တော်လဲ မမှတ်မိဘူး၊ အလှူ့ဒကာကလဲ မမှတ်မိဘူး ခင်ပွန်းသည်ကလဲ ဘာ တရားဟောလဲ မေးနေတော့ ပြန်ပြောပြပါ ဘုရားလို့ လျှောက်တယ်၊ ဒီအခါ ဘုန်းကြီးကလဲ ရိုးရိုးသားသားပဲ ငါလဲ မမှတ်မိဘူး၊ ရှေ့ကကန်တော့ပွဲ ကြည့်လိုက်တော့

ပွဲက ခါတိုင်းပွဲနဲ့ မတူဘူး ခါတိုင်းပွဲတွေက ငှက်ပျော သီးက မှည့်နေတာ ကျောင်းရောက်တော့ ဦးဇင်းကိုရင် တွေ ကျွေးလို့ရတယ်၊ ခုဟာက စိမ်းနေတော့ ဒါကို ဘယ်လိုလုပ်ရမလဲ အဲဒါ သက်န်းနဲ့ ပတ်ပြီးအုပ်ရမလား ဒါမှမဟုတ် စဥ့်အိုးထဲထည့်ပြီးအုပ်ရမလား မီးပေးရဦး မလား အဲဒါ စဥ်းစားနေတော့ ဘာတရားကို ဟောလိုက် မှန်း မသိဘူး၊ အဲဒီအခါ ငါးစိမ်းသည်မလဲ စိတ်ပျက် လက်ပျက်ပြန်လာပြီ ခင်ပွန်းသည်ကိုပြောပြတယ်၊ အဲဒီလိုအလှူဒါယကာမျိုး လှူတာကြတော့ ဒံ စိတ္တံ ပသာဒယေ-ဒေသနာအရ စိတ်ဟာ လှူတဲ့အခိုက် မုဥ္စစေတနာအခိုက်မှာ ကြည်ကြည်လင်လင် လှူဒါန်း နိုင်တာဟုတ်ရဲ့လား မဟုတ်ပါဘူးဘုရား၊ အဲတော့ သူ့ရဲ့အလှူဟာ ဒိန္နံ ဟောတိ မဟပ္ဖလံ- ဒေသနာအရ အကျိုးကြီးနိုင်ပါ့မလား မကြီးနိုင်ပါဘူးဘုရား၊ မကြီး နိုင်ဘူး၊ အဲဒီတော့ ထီးအလှူရှင်ဖြစ်တဲ့ ဒါယကာကြီး ဦးတင်ဌေးဦး+ဒေါ်ခင်ခင်ကြူတို့ မိသားစု အနေနဲ့ အဲဒီလို မဖြစ်ရဘူး၊ တရားနာမည်က ဘာတဲ့လဲ "ထီးအလှူ ကြီးသူပဖြစ်မြဲ"ပါဘုရား၊ ဒါဆိုရင် ဘုန်းဘုန်းတို့ တရားဟာ တန်ဖိုးရှိသွားပြီ၊ ဆားမလောက် ဆိုတော့ ဆားတန်းကြီး ဆင်နှင်းသွားတယ် ဒီလိုတော့

မဖြစ်လောက်ပါဘူး၊ အဲတော့ အလျှုနာမည် တရား နာမည် မှတ်မိသွားတယ်ဆိုရင်တော့ တရားဟောရကျိုး နပ်သွားပါပြီ၊ ဘုန်းဘုန်းတို့ ဒုတိယမြောက် ဆုတောင်း လည်း ပြည့်စုံသွားပြီ၊ ပိုပြီးတော့ ပြည့်စုံအောင်ပေါ့လေ ကိုယ့်အရပ် ကိုယ့်ဒကာတွေနဲ့ လွတ်လွတ်လပ်လပ် ဟောကြ နာယူကြရ အောင်ပေါ့လေ၊ ပပဝတီဆိုတဲ့ အမျိုးသမီးဟာ အလွန်ချော အလွန်လှတယ် မီးပျက် နေရင်တောင်မှ (၁၂)တောင် အခန်းမှာ အရောင်တွေ ထွက်တယ်၊ နောက်အမျိုးသမီးတယောက်က အလွန်ကို ရုပ်ဆိုးတာ ရုပ်ကလဲ ပုံမလာပန်းမလာ၊ လက်ကိုက ပုံမကျဘူး၊ ခြေထောက်တွေကကော လှသလားဆိုတော့ အခုခေတ်အမျိုးသမီးတွေ ခြေချောင်းလေးတွေ ဆေးခြယ်လိုက်ရင် လှသွားပေမဲ့ ဒီအမျိုးသမီး ခြေ ထောက်က ပုံမလာပန်းမလာဘူး၊ အဲတော့ လက်ရော ခြေထောက်တွေပါ မလှဘူး၊ ကိစ္စမရှိဘူး လက်နဲ့ခြေ ထောက်မလှလဲ မျက်နှာကရော လှသလားဆိုတော့ မျက်နှာကလဲ မလှဘူး၊ အဲတော့ ဘယ်နှစ်မျိုးလဲ သုံးမျိုး၊ မျက်နှာမလှလဲ ကိစ္စမရှိဘူး မျက်လုံးလဲ သမင်မျက်လုံး လေးဆို ကိစ္စမရှိဘူး၊ မျက်လုံးကရော လှသလားဆိုတော့ မလှပါဘူး၊ အဲတော့ ဘယ်နှမျိုး ရုပ်ဆိုးပြီးသွားပြီလဲ

(၄)မျိုး၊ မျက်လုံးမလှလဲ ကိစ္စမရှိဘူး နှာတံလေးပေါ်ပြီး ချွန်ချွန်လေးဆိုရင်လဲ လှတာပါပဲ၊ ဒါပေမယ့် နှာခေါင်းကရော လှသလားဆိုတော့ မလှပါဘူး၊ တခုမှ မလှဘူး၊ အဲတော့ ဘယ်နှစ်မျိုး မလှသလဲ (၅)မျိုးပါ၊ (၅)မျိုးလုံး မလှတဲ့ အမျိုးသမီးဟာ ဘယ်သူတဲ့လဲ "ပဥ္စပါပီ"ပါဘုရား၊ အော် ဆားမလောက်ရှာက ဒကာတွေ တယ်ပြီး တရားဗဟုသုတ ရှိတယ်၊ "ပဥ္စပါပီ"ဆိုတာ (၅)မျိုးလုံး ရုပ်ဆိုးလွန်းလို့ "ပဥ္စပါပီ"လို့ခေါ်တယ်၊ အဲဒီတော့ ဆားမလောက်ရှာက ဒကာကြီးတွေ ပဥ္စပါပီအမျိုးသမီးကို လိုချင်သေးရဲ့လား မလိုချင်တော့ပါဘူးဘုရား၊ တကယ်ကော မလိုချင်တာဟုတ်ရဲ့လား၊ ရုပ်က တယ်ဆိုးတာကို၊ နှစ်ပြား မတန်အောင်ကို ဆိုးတာ၊ ခုနက ပြောသလိုပေါ့ လက်ကလဲ ပုံမလာ ခြေထောက်ကလဲ ပုံမလာ အဲတော့ ပုံမလာဘူးဆိုမှတော့ လက်သည်းနီဆိုးလဲ ပုံလာပါဦးမလား မလာပါဘုရား၊ မျက်နှာလေးကလဲ မလှဘူး ဆိုတော့ အမောပြေ ကြည့်လို့ရော အမောပြေပါ့မလား မပြေပါဘူးဘုရား၊ မျက်လုံးလေး လှနေရင်လဲ မဆိုးသေးဘူး မျက်လုံးကရော လှရဲ့လား မလှပါဘူးဘုရား၊ နှာတံလေးပေါ်ပြီး ချွန်းနေရင်လဲ လှသေးတယ် နှာခေါင်းကရော လှရဲ့လား မလှပါဘုရား ဘာမှကို

ပုံမလာဘူး၊ ဘီလူးမအတိုင်း ရုပ်ဆိုးမပဲ၊ အဲတော့ ရုပ်ဆိုးမဆိုတော့ ဆားမလောက်ရှာက ဒကာကြီးတွေ ကြိုက်ပါ့မလား မကြိုက်ပါဘူးဘုရား ဒီဘက်က ဒကာကြီးတွေက မလျှပ်ဘူး မလျှပ်ဘူးဆိုရင်တော့ လိုချင်လို့ပေါ့ လိုချင်တယ်ဆိုတော့ တခုကောင်းရှိလို့ပေါ့ ဘာတစ်ခုကောင်းလဲ ပြောပါ၊ အဲဒီ"ပဋ္ဌပါပီ"မှာ ကောင်းတာတစ်ခုတော့ ရှိတယ်၊ ဘာလဲဆိုတော့ အတွေ့အထိပါပဲ၊ "ပဋ္ဌပါပီ"ဟာ ရုပ်ဆိုးတယ်၊ ဘီလူးမ အတိုင်းပဲ၊ ရုပ်က နှစ်ပြားကိုမတန်ဘူး၊ ရုပ်ကြည့်ရုံနဲ့တော့ လုံးဝကို လိုချင်စိတ် မရှိဘူး။ဒါပေမဲ့ သူ့လက်နဲ့ ထိလိုက် ပြီဆိုရင်တော့ ဗို့အား (၁၅၀၀)နဲ့ ထိလိုက်သလို အဲဒီ ပုဂ္ဂိုလ်ဟာ တခါတည်း စွဲသွားတာပဲ၊ အဲဒီလောက် အတွေ့အထိက ကောင်းတာ၊ ရိုးရိုးလူမိန်းမတွေထက် သာတဲ့ နတ်သမီးရဲ့ အတွေ့အထိကို အကျဉ်းချုပ်ပဲ ပြောကြပါစို့၊ ဗာရာဏသီပြည်က ဗကမင်းက ပဋ္ဌပါပီရဲ့ လက်နဲ့ထိပြီး ဗို့အား (၁၅၀၀)နဲ့ ခေတ်လိုက်ပြီးတော့ ပဋ္ဌပါပီကို တန်းတန်းစွဲသွားတယ်၊ ညတိုင်းပဲ အဲဒီ ဆင်းရဲလဲ ဆင်းရဲ မွဲလဲမွဲတဲ့ ရုပ်ဆိုးမ ပဋ္ဌပါပီရဲ့အိမ်ပဲ သွားပြီးနေတော့တယ်၊ ရုပ်ဖျက်ပြီးတော့ မြို့ရဲ့အပြင် ဘက်မှာ သွားနေတယ်၊ ကြာတော့ စဉ်းစားမိတယ်၊

နန်းတော်မှာရှိတဲ့ မိဖုရားတွေ အချောအလှတွေ မောင်းမမိဿံတွေကို သတိမရတော့ဘူး၊ အတူလဲ မနေတော့ဘူး၊ ညညဆိုရင် ရုပ်ဖျက်ပြီးတော့ မြို့ပြင်ကိုသွားပြီး ပဒုမ္မာဝတီနဲ့နေတယ်၊ ရေရှည် ဒီအတိုင်းဆိုရင်တော့ မဖြစ်ဘူး၊ အန္တရာယ်များတယ်၊ ပဒုမ္မာဝတီကို မိဖုရားမြှောက်မယ်လို့ စဉ်းစားပြီးတော့ ပတ္တမြားဆံကျစ်ကို နို့ယနာထဲမှာ ထည့်ပြီး လျှို့ဝှက်ပြီးတော့ ပေးလိုက်တယ်၊ ပဒုမ္မာဝတီရဲ့ အမေက ကျန်းမာရေး မကောင်းတော့ အဲဒီနို့ယနာ ခပ်ပြစ်ပြစ်ထဲမှာ ထည့်ပြီးတော့ လျှို့ဝှက်ပြီး ပေးလိုက်တယ်၊ အဲတော့ ပဒုမ္မာဝတီရဲ့ အမေရော အဖေရော ပဒုမ္မာဝတီရော အဲဒီဗကာဘုရင်က လျှို့ဝှက်ပြီးတော့ ဆင်းရဲသား အသွင်အပြင်နဲ့ ပေးလိုက်တဲ့ နို့ယနာကို သောက်လိုက်တော့ ရောဂါပျောက်ကင်းသွားတယ်။

နန်းတော်မှာတော့ ပတ္တမြားဆံကျစ် ပျောက်သွားပြီဆိုပြီးတော့ မြို့ထဲမှာရှာခိုင်းတာ မတွေ့ဘူး မြို့ပြင်ရောက်သွားတော့မှ ပဒုမ္မာဝတီတို့ မိသားစုဆီမှာတွေ့တော့ အကုန်လုံးပဲ ဖမ်းလိုက်တယ်၊ ဖမ်းလဲပြီးရော စစ်ဆေးမေးမြန်းတဲ့ အခါ မိဘနှစ်ပါးက ပြောတယ် ဒို့မသိဘူး ဒို့သမီးရဲ့ ခင်ပွန်းသည်က နို့ယနာထမင်းပေးတဲ့ အထဲမှာ ပါလာ

တယ်လို့ သမီးကိုလွှဲချလိုက်တယ်၊ သမီးကလဲပြောတယ် ကျမ မခိုးဘူး၊ ကျမရဲ့ယောကျ်ားက ဆင်းရဲသားပါ၊ ညကျရင် ကျမတို့ကို သူပေးတဲ့ နို့ဃနာထဲမှာ ပါလာတာပါ၊ အဲဒီလိုဆိုတော့ သူခိုးဖမ်းပွဲ ကျင်းပကြရတယ်၊ အဲဒီလိုဆိုရင် သင်ရဲ့ခင်ပွန်းသည်ဆိုတာ ဘယ်သူဆိုတာ သင်သိနိုင်မလား၊ ကျမ သူ့လက်ကို ကိုင်ကြည့်ရင် ကျမယောကျ်ား ကျမခင်ပွန်းသည်ကို သိပါတယ်၊ ကောင်းပြီဆိုပြီးတော့ နန်းရင်ပြင်မှာ အဆောက်အဦးလေးတစ်ယောက်စာ ဆောက်ပြီးတော့ ပဋ္ဌပါပီကို အတွင်းထဲသွင်းလိုက်တယ်၊ ပထမတော့ ပဋ္ဌပါပီကိုမြင်တဲ့အခါတိုင်းသူပြည်သားယောကျ်ားတွေက တံတွေးနဲ့ ထွေးတာပေါ့လေ၊ ရုပ်ရည်ကနှစ်ပြား မတန်အောင်ကိုဆိုးတာ၊ လွန်လွန်ကဲကဲကိုဆိုးတာ၊ မွဲလဲမွဲတယ်ဆိုတော့ ဘာမှမက်မောစရာ မရှိပါဘူး၊ ဘယ်သူမှ မလိုချင်ဘူး မြင်ရုံနဲ့စိတ်ပျက်ကြတယ်၊ အဲဒါနဲ့ သူတယောက်ထဲနေရတဲ့ အဆောက်ဦးလေးကိုဆောက်ပေးပြီး ဖောက်ထားတဲ့ အပေါက်ထဲကို အပြင်ဘက်က ယောကျ်ားတွေ အမျိုးသားတွေရဲ့ လက်ကို ဆန့်တန်းပေးရတယ်၊ အဲဒီလက်ကိုမှ ပဋ္ဌပါပီက ကိုင်တယ်၊ ပထမတော့ ဘယ်သူမှ အကိုင်မခံချင်ကျဘူး၊ အမျိုးသားတွေ

တယောက်စီ တယောက်စီ အပေါက်ထဲကနေ ဆန့်တန်း ပေးတဲ့လက်ကို ပဥ္စပါပီကလဲ ကိုင်လိုက်ရော ခုနက ပြောတဲ့ ဗို့အား (၁၅၀၀) ဓာတ်လိုက်ပြီးတော့ လက်ကို ထုတ်ကိုမထုတ်ချင်တော့ဘူး၊ မထုတ်ချင်တော့ ဘေးက မင်းချင်းယောကျ်ားတွေကတော့ လက်ကိုဆွဲထုတ် ပစ်ရတယ်၊ နောက်တယောက် ထည့်လိုက်တယ်၊ ပဥ္စ ပါပီက ကိုင်လိုက်တယ်၊ ဗို့အား(၁၅၀၀) ဓာတ်လိုက်သွား တယ်၊ ဓာတ်လိုက်သွားတော့ လက်ကို မထုတ်ချင်ဘူး၊ အဲလို တယောက်ပြီးတယောက် လက်ကိုထည့်တဲ့အခါ မနည်းလိုက်ထုတ်ပစ်ရတယ်၊ အဲဒီတော့ ဘာကောင်း တာလဲဆိုတော့ အတွေ့အထိ ကောင်းလွန်းနေတယ်၊ လူ အမျိုးသမီးအတွေ့အထိထက်သာတဲ့ အမျိုးသမီး အတွေ့အထိကိုး၊ အဲဒီလိုနည်းနဲ့ တိုင်းသူပြည်သား ယောကျ်ားတွေကို မနည်းရိုက်ထုတ်ပစ်ရတယ်၊ နောက်ဆုံးမှာ နန်းတော်က အိမ်ရှေ့မင်းရဲ့ လက်ကို ထည့်လိုက်တဲ့အခါ အိမ်ရှေ့မင်းကလည်း လက်ကို မထုတ်ချင်ဘူးတဲ့ အိမ်ရှေ့မင်းသား အချိန်ကျပါပြီ ထုတ်ပေးပါဆိုမှ ထုတ်ပေးတယ်၊ အဲ့ဒီတော့ မေးတယ် သူခိုးတွေပြီလား မတွေ့သေးဘူးတဲ့ ခုချိန်ထိ သူကိုင် လိုက်တဲ့ ယောကျ်ားတွေက သူ့လင်လက် မဟုတ်ဘူး၊

တယောက်ထဲကျန်တော့တယ်၊ အဲဒီတယောက်က ဗကမင်းပါပဲ၊ အဲတော့ ဗကမင်း ဆန့်ပြီး လက်ကို အပေါက်ထဲကို ထည့်တယ်၊ ထည့်တော့ ပဋ္ဌပါပီက ကိုင်လိုက်တယ်၊ သိသွားတယ်၊ ဒါဟာကျွန်မလင်ပါပဲ၊ ဒါသူခိုးပဲလို့ ပြောလိုက်တယ်၊ အဲဒီတော့ ဘုရင်က တိုင်းသူပြည်သားတွေကို ကြေငြာလိုက်တယ်၊ ပဋ္ဌပါပီ ဟာ ရုပ်အသွင်အပြင်ဟာ ရုပ်ဆိုးပါတယ်၊ ဒါပေမဲ့ အတွေ့အထိကတော့ အလွန်ကောင်းတယ် သူ့ကို မိဖုရားအနေနဲ့ တန်းပြီးတော့မြှောက်ရင် တိုင်းသူ ပြည်သားတွေက ငါ့ကို ကဲ့ရဲ့မယ် သူ့ရဲ့ တခုကောင်းကို သင်တို့သိအောင် အခုစမ်းသပ်ပြီးသွားပြီ၊ အခု သင်တို့လဲ သိသွားပြီ၊ အဲဒီတော့ ဒီအမျိုးသမီးကို ဘယ်သူ သိမ်းပိုက် ထိုက်သလဲလို့ မေးတဲ့အခါ တိုင်းသူပြည်သားတွေက အရှင်မင်းကြီးပဲ သိမ်းပိုက်ထိုက်ပါတယ်လို့ လျှောက်တင် ပြတယ်။

ဒါနဲ့ပဲ ပဋ္ဌပါပီဟာ မိဖုရားဖြစ်သွားတယ်၊ အားလုံး ကြားဖူးတဲ့ဇာတ်ပါပဲ၊ ဘာဖြစ်လို့ ပဋ္ဌပါပီဟာ ရုပ်ဆိုး ရတာလဲ၊ ဘာဖြစ်လို့ ပဋ္ဌပါပီရဲ့ အတွေ့အထိမှာ အမျိုးသားတွေဟာ မေ့မြောသွားအောင် အတွေ့အထိ ကောင်းရသလဲဆိုတာကို ဆက်ပြောပြပါ့မယ်၊ ပဋ္ဌပါပီ

ဟာ အရင်ဘဝတုန်းကလဲ ဗာရာဏသီမြို့ အရှေ့ပေါက်မှာနေတဲ့ ဆင်းရဲတဲ့ မိသားစုမှာ အမျိုးသမီးပါပဲ၊ မွဲတယ် ရုပ်ဆိုးတယ်၊ ပထမဘဝမှာလဲ သူတို့အလုပ်က မြေညက်တွေကို ရောင်းရတယ်၊ အိန္ဒိယ ဗုဒ္ဓဂယာရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေ တွေ့မှာပါ၊ အိန္ဒိယနိုင်ငံက အိမ်တွေဟာ မြေညက်နဲ့ လိမ်းကျံတဲ့ အိမ်တွေလဲရှိပါတယ်၊ အဲတော့ ပဉ္စပါပီတို့ စီးပွားရေးက မြေညက်တွေကိုလုပ်ပြီး ရောင်းတယ်၊ တနေ့မှာတော့ ပစ္စေကဗုဒ္ဓါမထေရ်တပါးက သူရဲ့ လိုဏ်တိုက်ကို မြေညက်နဲ့ လိမ်းကျံဖို့ လိုတဲ့အတွက် ပဉ္စပါပီရဲ့အိမ်ရှေ့မှာရောက်လာတယ်၊ ရောက်တော့ ပဉ္စပါပီက ကြည့်နေတာ၊ ရွံ့ပြီး စိတ်ဆိုးပြီးတော့ ပြောလိုက်တယ်၊ ငါ့တို့က ဆင်းရဲတယ် မွဲတယ် မြေညက်ပဲ ရောင်းနေရတာ၊ ဒါကို ဒီကတုံးရဟန်းက မြေညက်တောင်လာပြီး အလှူခံရက်လေခြင်းဆိုပြီး စိတ်ဆိုးပြီးတော့ ပြောလိုက်တယ်၊ ပြောပေမဲ့ဟိုကပစ္စေကဗုဒ္ဓါဆိုတော့ စိတ်မဆိုးဘူး အမျက်လဲ မထွက်ဘူး ဆက်ပြီးတော့ ရပ်နေတယ်၊ အဲဒီတော့ သူအံ့အားသင့်သွားတယ် ငါစိတ်ဆိုးပြီးတော့ အပြစ်ပြောတာတောင် သူက ငါ့ကို ပြန်ပြီး စိတ်မဆိုးဘူး ငါ့အနေနဲ့တော့ မြေညက်ကို လှူမှပဲလို့ စဉ်းစားပြီး

စိတ်ကြည်လင်သွားတယ်၊ စိတ်ကြည်လင်သွားတော့ မြေညက်ကို အကြီးကြီးလုပ်ပြီး လှူဒါန်းလိုက်တယ်၊ ပစ္စေကဗုဒ္ဓါကလဲ---

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ၊

ဆိုပြီးတော့ ဆုပေးလိုက်တယ်။

အဲတော့ ပဥ္စပါပီဟာ မြေညက်လှူဒါန်းတဲ့ ကုသိုလ် ကြောင့် သူမရဲ့ ခန္ဓာကိုယ်ဟာ အထိအတွေ့ နူးညံ့ သွားတယ်၊ ဒါပေမဲ့ ပစ္စေကဗုဒ္ဓါကို လှူခါနီး အချိန်လေးမှာ မုဥ္စစေတနာ အခိုက်မှာ အမျက်ထွက်ပြီး ပြောလိုက်တဲ့စကားကြောင့် ရုပ်ဆိုးသွားတယ်၊ ဘယ်နှစ်မျိုး ရုပ်ဆိုးသွားလဲဆိုတော့ (၅)မျိုး ရုပ်ဆိုးသွားတယ်၊ အဲတော့ လှူဒါန်းနေတဲ့အချိန်မှာ ဒဒံ စိတ္တံ ပသာဒေယျ-အရ စိတ်ကြည်ကြည်လင်လင် ထားထိုက်တယ်၊ အဲဒီလို ထားမှ ဒွိဟိတ်ဩမကကုသိုလ် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တို့ တိဟိတ်ဩမကကုသိုလ် တိဟိတ်ဥက္ကဋ္ဌကုသိုလ် အားဖြင့် ကုသိုလ်လေးမျိုးထဲမှာ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ် ဖြစ်ပြီးတော့ အကျိုးကြီးမား ထက်သန်ရတယ်၊ အဲတော့ အင်္ဂါဘယ်နှစ်မျိုး ပြီးသွားပြီလဲ နှစ်မျိုးပြီးသွားတယ်၊ ၁-နံပါတ်က မကုန်မခမ်းနိုင်အောင် လှူဒါန်းပေးကမ်း

ရပါလို၏၊ ၂-နံပါတ်က လှူဒါန်းစဉ်မှာ စိတ်ကြည်လင် လန်း ဆန်း ဖြူစင်ရပါလို၏၊ ၃-နံပါတ် ဆုတောင်းက ဒတ္ဝာ နာနုတပေယျံ-အဟံ-တပည့်တော်သည်။ ဒတွာ- ပေးလှူရပြီးနောက်။ နာနုတပေယျ-နောင်တ တဖန် မပူပန်ရပါလို၏။

တချို့ အလှူရှင်တွေက လှူဒါန်းပြီးတဲ့နောက်မှာ ငွေစည်းစိမ်ဥစ္စာတွေတော့ လျော့သွားပြီ ကုန်ခမ်းသွားပြီ ငါလှူလိုက်တာ မှားလေခြင်း၊ ဒီလိုနောင်တတဖန် မဖြစ်ကြဘူးလား ဖြစ်ကြတယ်၊ စေတနာသုံးတန် စကားနဲ့ ပြောရင် ဘာစေတနာချို့တဲ့သွားလဲ အပရစေတနာ ချို့တဲ့သွားတယ်၊ ဆုတောင်းရမှာက ၃-နံပါတ်က ဆု တောင်းပြီးတဲ့ နောက်မှာလဲ နောင်တတဖန် မပူပင်ရပဲနဲ့ စင်စင်ကြယ်ကြယ် ကြည်ကြည်လင်လင် ရွှင်ရွှင် လန်းလန်း ဖြစ်ရပါလို၏၊ ဒီလိုဆုတောင်းရတယ်၊ ဒါကိုပဲ ခုနက ဘုန်းဘုန်းတို့ ဖြန့်ဝေလိုက်တဲ့ စာရွက်လေးမှာ လင်္ကာလေး ရေးထားပါတယ်၊ လိုက်ဆိုလိုက်ကြ ရအောင်။

(လင်္ကာ) သိန်းသန်းလှူလျှင်၊ စိတ်ကြည်လင်၊
ဖြူစင်မြဲစိုစို။

ဒါကိုလည်းပဲ နမူနာလေးနဲ့ တွဲကြည့်ရအောင်၊ ဘုရားရှင်လက်ထက်တော်အခါတုန်းက သူဌေးတစ်ဦး ရှိတယ်၊ အလွန်ချမ်းသာတဲ့ ကုဋေနဲ့ချီပြီး ကြွယ်ဝတဲ့ ခရိုနီအဆင့်ရှိတဲ့ သူဌေးပါပဲ၊ အလွန်ချမ်းသာကြွယ်ဝ ပေမယ့် အဲဒီသူဌေးက ဝတ်တဲ့အခါ အကောင်းစား နူးနူးညံ့ညံ့ အဝတ်အစားတွေ မဝတ်ဘူး၊ ဖျင်ကြမ်းတွေပဲ ဝတ်တယ်၊ စားပြန်တော့လည်း အကောင်းစား အစား အသောက် အစာအာဟာရတွေ မစားဘူး၊ ဆန်ကြမ်း ကိုပဲ ပအုန်းရည်ဟင်းနဲ့ ဖြစ်သလိုပဲ စားတယ်၊ ချဉ်ရည် ပဲပြုတ်ကို စားတယ်၊ သူဌေးဆိုတော့ ကောသလမင်းထံ နေ့စဉ် ခစားရတယ်၊ သူ့ခြံဝန်းကနေပြီးတော့ ကောသ လမင်းနန်းတော်ကို သွားတဲ့အခါမှာလည်းပဲ အကောင်း စားယာဉ်လည်း မစီးဘူး၊ ရထားအို ရထားစုတ်နဲ့ သွားပြီးတော့ ခစားတယ်၊ အဲ့ဒီလို သူဟာ ဖြစ်သလိုစား ဖြစ်သလိုဝတ် ဖြစ်သလိုသွား ဖြစ်သလိုနေတဲ့သူဌေးပါပဲ၊ အလွန်ချမ်းသာကြွယ်ဝပေမယ့် အကောင်းစား အဝတ် ထည်တွေကို မဝတ်၊ အကောင်းစား အစားအသောက် တွေကို မစားဘူး၊ အကောင်းစားယာဉ်တွေကို မစီးဘူး၊ အကောင်းစားအသုံးအဆောင်တွေကို မသုံးဆောင်ဘူး၊ အလွန်နှမြောစေးနဲတဲ့ သူဌေးပါပဲ၊ နောက် ကွယ်လွန်

တော့ သားထောက် သမီးခံလည်းမရှိတော့ ကောသလ မင်းက နိုင်ငံဥပဒေအရ ပြည်သူ့ဘဏ္ဍာအနေနဲ့ သိမ်း လိုက်ရတယ်၊ သိမ်းပြီးတော့ ကောသလမင်းက ဘုရားရှင်ထံသွားပြီး ဒီအကြောင်းကို လျှောက်ထား တယ်၊ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးဟာ အလွန် နှမြော စေးနဲစွာ နေထိုင်စားသောက်သွားတယ်ဘုရား၊ ဘယ်လိုကံတွေကြောင့်လဲဘုရား၊ အဲဒီလို မေးလျှောက် တဲ့အခါ ဘုရားရှင်က ရှေးအတိတ်က ဘဝဇာတ် ကြောင်းကို ပြန်ပြောင်းပြီး ဟောပြတယ်၊ ဒကာတော် မင်းကြီး ဒီသူဌေးဟာ အာဂန္တုက သူဌေးပါပဲ၊ သူဟာ အတိတ်ဘဝတုန်းကလည်း သူဌေးပါပဲ၊ မနက်လင်းလို့ အလုပ်လုပ်ဖို့ မြို့ပြင်ထွက်တဲ့အခါ တရသိခီ ပစ္စေက ဗုဒ္ဓါနဲ့တွေ့ပြီး ပစ္စေကဗုဒ္ဓါကို ဆွမ်းရရဲ့လားလို့မေးတော့ သပိတ်ထဲမှာ ဆွမ်း ဆွမ်းဟင်း မရမှန်းသိတော့ ဆွမ်းမရ ဘူးဆိုတာ သိသွားပြီး အိမ်ပင့်သွားတယ်၊ အိမ်ပင့် ပြီးတော့ ဇနီးနဲ့ မိသားစုကို ပြောလိုက်တယ်၊ ပစ္စေက ဗုဒ္ဓါကို ဆွမ်း ဆွမ်းဟင်းလောင်းလိုက်ကြ လှူလိုက်ကြလို့ အဲ့ဒီလိုပြောပြီးတော့ သူက မြို့ပြင် ထွက်သွားတယ်၊ ဇနီးကလည်း စဉ်းစားတယ်၊ ငါ့ခင်ပွန်း သူဌေးဟာ တစ်ရက်မှ ဒီလို မလောင်းခိုင်းဖူးဘူး၊ မလှူ ခိုင်းဖူးဘူး၊

ဒီနေ့ကျမှ သဒ္ဒါတရားတွေကောင်းပြီးတော့ လောင်းခိုင်း လှူခိုင်းတယ်၊ အဲဒီတော့ ငါတို့အနေနဲ့ အကောင်းစား တွေ ချက်ပြုတ်ပြီးတော့ လှူဒါန်းမယ် ဆိုပြီး အကောင်း စားတွေ ကျကျနန ချက်ပြုတ်ပြီးတော့ အပြည့်အလျှံ လှူဒါန်းလိုက်တယ်၊ အဲဒီတော့ ပစ္စေက ဗုဒ္ဓါဖြစ်တဲ့ တရသိခီအရှင်မြတ်ကလည်း-

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဆိုတဲ့ဂါထာနဲ့ ဆုပေးလိုက်တယ်၊ ဆုပေးပြီးတော့ မြို့ပြင်ကို ပြန်ကြွသွားတယ်၊ သူဌေးနဲ့မြို့ပြင်မှာတွေတော့ အရှင်ဘုရား ဆွမ်း ဆွမ်းဟင်း ရခဲ့ပါသလားဆိုပီး ကြည့်လိုက်တော့ အပြည့်အမောက် အကောင်းစားဆွမ်း ဆွမ်းဟင်းတွေကို မြင်သွားတယ်၊ ဆွမ်း ဆွမ်းဟင်းတွေ ရဲ့ အနံ့တွေကလည်း မွှေးကြိုင်နေတော့ အဲဒီသူဌေးက ရှူရှိုက်မိတယ်။

အဲ့ဒီအခါမှာ စိတ်ကဘယ်လိုဖြစ်သွားသလဲ ဆိုတော့ ဟာ -- ဒီပစ္စေကဗုဒ္ဓါကို ငါလှူဒါန်းလိုက်မိ သွားပြီ၊ သူ့ကိုလှူဒါန်းတာနဲ့စာရင် ငါ့အိမ်က အလုပ် သမား ဝန်ထမ်းတွေကို ဒီအစားအသောက်တွေ ကျွေးလိုက်လို့ရှိရင် ငါ့အိမ်က အလုပ်သမားဝန်ထမ်းတွေ

အလုပ်ကို ကြိုးစားပမ်းစား လုပ်ကြမှာ ငါ့စီးပွားရေး ဒီထက်မက တိုးတက်မှာ၊ အခုတော့ ဒီရဟန်းကို အကောင်းစားတွေ လှူဒါန်းလိုက်မိတာ မှားလေချင်း ဆိုပြီး နောင်တရသွားတယ်၊ စေတနာသုံးတန်အနေနဲ့ ဘာစေတနာချို့ယွင်းသွားလဲဆိုရင်တော့ အပရစေတနာ ချို့ယွင်းသွားတာပါ၊ သူ့ဇနီး လှူဒါန်းတဲ့အချိန်က မုဥ္စစေတနာ၊ ဇနီးလှူဒါန်း ပြီးတဲ့နောက် သူဌေးကတွေးတဲ့ အခါကျမှ လှူဒါန်းလိုက်တာ မှားလေချင်းလို့ နောင်တ ပူပန်သွားပြီး အပရစေတနာ ပျက်ယွင်းသွားတယ်၊ ဒကာတော်မင်းကြီး-- အဲဒီသူဌေးဘဝတုန်းက တရသိခီ ပစ္စေကဗုဒ္ဓါကို အကောင်းစား ဆွမ်း ဆွမ်းဟင်းတွေ လှူဒါန်းတဲ့အတွက် သူဟာ ဒီဘဝမှာလာပြီးတော့ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးဖြစ်တယ်၊ သို့ပေမယ့် လှူဒါန်းပေးကမ်းပြီးတဲ့နောက် အပရ စေတနာ ချို့ယွင်းတဲ့အတွက် အခုလိုဖြစ်သွားတယ်၊ ဒါကိုလည်း လင်္ကာလေးမှာ ဖော်ပြထားတယ်၊ **"သိန်းသန်းလှူလျှင် စိတ်ကြည်လင် ဖြူစင်မြဲစိုစို--"**။ အဲဒီတော့ ဆုတောင်း နည်းလေးမျိုးထဲက သုံးမျိုး ပြီးသွားပါပြီ။

နောက်ဆုံးနည်းက **"အဒိန္နံ န ဗလံ ဟရေ"**= ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို ကိုယ်ကမပေးဘူးဆိုရင်

သူများတွေ အနုနည်း အကြမ်းနည်းတွေနဲ့ အနိုင်ထက် စီးနင်းလုပ်ပြီးတော့ ယူလို့မရရပါစေသား ----- ဒီလို ဆုတောင်းသွားတယ်၊ ဒီလိုဆုတောင်းလည်း တောင်း ထိုက်ပါတယ်၊ အခုခေတ်မှာ နည်းမျိုးစုံနဲ့ အနုနည်းတွေ အကြမ်းနည်းတွေနဲ့ ရွှေငွေကျောက်သံ ပတ္တမြားတွေ စီးပွားဥစ္စာတွေ လုယက်ယူသွားတာကို သတင်းစာတွေ ဂျာနယ်တွေ အင်တာနက်တွေမှာ တွေ့နေရပါတယ်၊ အဲဒီတော့ ကိုယ်က အဲဒီလိုဆုကိုသာ တောင်းထားတယ် ဆိုရင် ကိုယ်ပိုင်ဆိုင်တဲ့အရာတွေ ကိုယ်ကမပေးရင် လုယူပြီး သို့မဟုတ် နှိပ်စက်ပြီး အနုနည်း အကြမ်းနည်းနဲ့ ယူလို့ မရပါဘူး၊ ဒီဆုတောင်းဟာလည်း တောင်းထိုက် ပါတယ်၊ ဘုန်းဘုန်းတို့ ဘုရားရှင်လက်ထက်မှာ သူဌေးကြီး(၅)ဦး ကြားဘူးမှာပါ၊

၁။ ဇောတိကသူဌေး

၂။ ဇဋိလသူဌေး

၃။ ပုဏ္ဏကသူဌေး

၄။ မေဏ္ဍကသူဌေး

၅။ ကာကဝလိယ သူဌေးတို့ပါပဲ၊ အဲဒီငါးဦးထဲက ဇောတိကသူဌေးဆိုရင် သူ့အတွက် အိမ်ကို လူသားတွေ ကဆောက်ပေး ထားတာ မဟုတ်ပါဘူး၊ သူ့ကုသိုလ်ကံ

ကြောင့်ပဲ မြေကြီးထဲကနေပြီးတော့ ရတနာအိမ် ရတနာဗိမာန် (၇)ထပ်တိုက်ကြီး ပေါ်လာတယ်၊ နောက်တခါ သစ်သီးမျိုးစုံတွေ ရတနာပဒေသာပင်တွေ ပေါ်လာတယ်၊ နောက် သူ့ရဲ့ဇနီးကလည်း မြောက်ကျွန်းသူ သတုလကာရီ။ အဲဒီလို အလွန်ကြွယ်ဝချမ်းသာတော့ ရာဇဂြိုဟ် မြို့သူ မြို့သားတွေက ဇောတိကသူဌေးရဲ့ ရတနာစံအိမ်ကြီးကို လာကြည့်တဲ့အခါ အစားအသောက်တွေရော ကျွေးလိုက်တယ်၊ ပဒေသာပင်ကနေ အဝတ်အထည်တွေကိုလည်း ပေးလိုက်တယ်၊ ကျောက်မျက်ရတနာတွေကိုလည်း လာသမျှ လူတွေကို ပေးလိုက်တယ်၊ ပေးချင်တိုင်းပေး ကျွေးချင်တိုင်းကျွေး လှူချင်တိုင်းလှူနေပေမယ့် ကုန်ခမ်းမသွားပါဘူး၊ ပေး၍မကုန် လှူ၍မခမ်းဆိုတာ ဇောတိကသူဌေးပါပဲ၊ ဒါနဲ့ တိုင်းပြည်ဘုရင် ဗိမ္ဗိသာရမင်းလည်း လာကြည့်တယ်၊ သားငယ်လေး အဇာတသတ်လည်း ပါလာတယ်၊ ဗိမ္ဗိသာရမင်းကြီးကိုလည်း ဇောတိကသူဌေးက ကျောက်မျက် ရတနာတွေကိုလည်း ပေးလိုက်တယ်၊ အစားအသောက်တွေကိုလည်း ကျွေးလိုက်တယ်၊ ဗိမ္ဗိသာရမင်းကြီး ကလည်း သောတာပန်မင်းကြီးဆိုတော့ အော်-ငါ့နိုင်ငံမှာ ဒီလိုသူဌေးမျိုး ရှိပါလားဆိုပြီး မုဒိတာ

ပွားလိုက်တယ်၊ ဒါပေမယ့် မုဒိတာမပွားနိုင်တာက သူ့ရဲ့သား အဇာတသတ်မင်းသားပါပဲ၊ အော် ငါ့အဖေ ကတော့ ဘုရင်သာပြောတာ အကြီးအကဲသာဖြစ်တာ မွဲလိုက်တာ၊ သစ်သားနန်းတော်နဲ့ နေရတာ၊ ခု ဒီသူဌေး ကတော့ ချမ်းသာကြွယ်ဝလိုက်တာ ရတနာစံအိမ် (၇)ထပ်နဲ့ နေရတယ်၊ ရတနာပဒေသာပင်တွေ၊ ကျောက်မျက်ရတနာတွေ ဖိတ်ဖိတ်တောက်ပဲ၊ ငါတို့က အာဏာရှင်ပဲ၊ ပြည်သူပိုင်သိမ်းပြီး ငါတို့ယူလိုက်လို့ ရတာပဲ၊ ငါ့အဖေ တော်တော်ကို အ-တာပဲ၊ ညံ့တာပဲလို့ ယုတ်ညံ့တဲ့ စိတ်ထားဖြစ်ပေါ်လာတယ်၊ အဇာတသတ် မင်းက ငယ်ငယ်လေးထဲကိုက စိတ်ပုတ် စိတ်ယုတ်ကို မွေးတာ၊ ဒါနဲ့ပဲ (၁၆)နှစ်အရွယ်ရောက်တော့ ဖခင်ကို လုပ်ကြံပြီးတော့ နန်းတက်တာပေါ့၊ နန်းလည်းတက် ပြီးရော စစ်တပ်နဲ့ ဇောတိကသူဌေးကြီးရဲ့ အိမ်ကို သွားပြီးတော့ သိမ်းတာပေါ့၊ သိမ်းတဲ့အခါ ဇောတိက သူဌေးကြီးရဲ့ ခြံဝင်းတွေက ခုခေတ်လို သံဆူးကြိုးတွေ ကွန်ကရစ်နံရံတွေ မဟုတ်ဘူး၊ ဖန်တွေ မှန်တွေ ကာထားတာ၊ ဖန်တွေ မှန်တွေကာထားတော့ မိမိ သွားတဲ့စစ်တပ်ရဲ့ အရိပ်တွေကို ပြန်ပြီး မြင်ရတယ်၊ မြင်ရတော့ မှန်မှာ အရိပ်ကပိုကြီးနေတော့ ငါ့ထက်

ကြီးတဲ့ စစ်တပ်ကြီးနဲ့ စောင့်နေပါလားဆိုပြီး ကြောက်လန့်သွားတယ်၊ အဲ့ဒီချိန်မှာ အစောင့်တံခါးမှူး နတ်ဘီလူးကလည်း နောက်ကနေ လိုက်တိုက်တော့ အဇာတသတ်မင်း ခွေးပြေးဝက်ပြေး ထွက်ပြေးရတယ်၊ သူရဲ့စစ်တပ်လည်း ခွေးပြေးဝက်ပြေး ထွက်ပြေးရတယ်။ ကြောက်ကြောက်နဲ့ ပြေးတယ်ဆိုတော့ ဘုရားရှင်ထံပြေးရော၊ ဘုရားကျောင်းထဲမှာ ဇောတိက သူဌေးကို တွေ့တယ်၊ တွေ့တဲ့အခါ စိတ်ဆိုးပြီးတော့ သင်က သင့်အိမ်ကို ငါလာမယ်ဆိုတာ ကြိုသိလို့ ငါ့ထက်ကြီးတဲ့ စစ်တပ်ကို ထားပြီးတော့ ဒီကို ရှောင်တိမ်းပြေးလေသလား မေးတော့ ဇောတိက သူဌေးကြီးက သင်မင်းကြီး --- ဒီနေ့ဟာ ဥပုသ်နေ့၊ ကျွန်တော်မျိုးဥပုသ် လာစောင့်ပြီး တရားလာနာ နေတာပါ။ သင်မင်းကြီးက ကျွန်တော်မျိုးရဲ့ အိမ်ခြံကို သွားသိမ်းသလားလို့မေးတော့ ဟုတ်တယ်၊ သွားသိမ်းတယ်လို့ ပြောတဲ့အခါ သူဌေးကြီးက သင်မင်းကြီး ကျွန်ုပ်မျက်ကွယ်မှာ ကျွန်ုပ်ရဲ့ ရတနာစံအိမ်ကြီးကို စစ်တပ်နဲ့လာပြီးတော့ တိုက်လို့ ခိုက်လို့ သိမ်းလို့ ဘယ်လို မှ မရနိုင်ပါဘူး၊ ကျွန်တော်မျိုး မပေးရင် ဘာမှ ယူလို့ မရပါဘူး၊ အခု ကျွန်တော်မျိုးရဲ့ လက်ထဲမှာ လက်စွပ် အကွင်းပေါင်း (၂၀)ရှိတယ်၊

ကျွန်တော်မျိုး အသင်မင်းကြီးကို မပေးဘူး၊ အသင် မင်းကြီး ချွတ်ယူလို့ရရင် ယူပါဆိုပြီး လက်ကို ဆန့်ပေး လိုက်တယ်၊ အဇာတသတ် မင်းက ထိုင်လျက်နဲ့ အထက် ကောင်းကင်ကိုခုန်ရင် (၁၈)တောင်ထိအောင် ခုန်နိုင် တယ်၊ အခုခေတ် ဆိုရင် တော့ အခုန်မှာ ချန်ပီယံ ဖြစ်လောက်တယ်၊ အကယ်၍ မတ်တပ်ထပြီးမှခုန်ရင် အတောင်(၈၀)ထိအောင် အထက်ကို ခုန်နိုင်တယ်၊ အဲဒီနည်းနဲ့ လက်စွပ် အကွင်း(၂၀)ကို ခုန်ခုန်ပြီးတော့ ချွတ်တယ်၊ တကွင်းမှ မကျွတ်ဘူး၊ မောပြီးတော့ ချွေးတွေနဲ့ ရာဇပ္လင်ထွေ ပျက်ကုန်တယ်၊ အဲဒါကိုကြည့်ပြီး ဇောတိကသူဌေးက သံဝေဂရတယ်၊ အော် အရှက် မရှိတဲ့ ဘုရင်ပဲ၊ ကိုယ့်တိုင်း ပြည်ရဲ့ တိုင်းသူပြည်သား တွေဆီက စည်းစိမ်ဥစ္စာတွေကို စစ်တပ်နဲ့သွားပြီတော့ လုယူဖို့ ကြိုးစားတယ်၊ လုယူလို့ မရတဲ့အခါ ကိုယ့်တိုင်း သူပြည်သားရဲ့လက်ထဲက လက်စွပ်တွေကို အတင်း အဓမ္မ ချွတ်ယူတယ်ဆိုပြီး သံဝေဂရတယ်၊ တကွင်းမှ လည်း မကျွတ်ဘူး၊ အသင် မင်းကြီးလိုချင်သလားဆိုပြီး ထပ်မေးတဲ့အခါ လိုချင်တယ်ဆိုပြီး ပြန်ပြောတယ်၊ နဲနဲ မှကို အရှက်မရှိတဲ့ မင်းပါပဲ။ လိုချင်ရင် ဝတ်လဲတော် ပုဆိုးကို ဖြန့်ထား လိုက်ပါလို့ပြောတဲ့အခါ လက်နှစ်ဘက်

နဲ့ ဝတ်လဲတော် ပုဆိုးကို ဖြန့်ပေးတယ်၊ အဲ့ဒီအခါကျမှ ဇောတိက သူဌေးက ကျွတ်စေဆိုပြီး လက်ကို အောက်စိုက်ပြီးတော့ ဝတ်လဲတော်ပုဆိုးပေါ်ကို ချပေးလိုက်တယ်၊ သူ့အလို အလျောက် ကျွတ်ကျသွားတယ်၊ လက်စွပ်ပေါင်း (၂၀) ကျသွားတယ်၊ အသင်မင်းကြီး ယူတော်မူပါလို့ တဆက်တည်းပဲ ပြောလိုက်တယ်၊ အသင်မင်းကြီး ကျွန်တော်မျိုးကို ခွင့်ပြုပါ၊ ရဟန်းပြုပါရစေလို့ လျှောက်တယ်၊ အဲဒီတော့ အဇာတသတ်မင်းက သိပ်သဘောကျသွားပြီး ရဟန်းပြုပါ ခွင့်ပြုပါတယ်လို့ သဘောတူပါတယ်၊ သူကအကြံနဲ့လေ၊ ဒီဇောတိက သူဌေး ရဟန်းပြုသွားရင် ရတနာစံအိမ်ကြီး၊ ခြံဝင်းကြီးနဲ့ ရတနာပဒေသာပင် ကျောက်မျက်ရတနာတွေ ကျန်ရစ်မှာ၊ အဲဒါတွေကို သွားပြီးတော့ သိမ်းပိုက်မှာဆိုတော့ ကြည်ကြည်သာသာပဲ ရဟန်းပြုဘို့ ခွင့်ပြုလိုက်တယ်၊ ဇောတိကသူဌေး ရဟန်းပြုလိုက်တယ်ဆိုရင်ပဲ နတ်တွေက မြောက်ကျွန်းသူ သတုလကာရီကိုလည်း မြောက်ကျွန်းကို ပြန်ပို့လိုက်တယ်၊ (၇)ထပ် ရတနာ အိမ်ကြီးလည်း အလိုအလျောက် ကွယ်ပျောက်သွားတယ်၊ ကျောက်မျက်ရတနာတွေလည်း အလိုအလျောက် ကွယ်ပျောက်သွားတယ်၊ အဇာတသတ်မင်း

စစ်တပ်နဲ့သိမ်းဖို့သွားလိုက်တော့ မြေပြင်ပဲ တွေ့ရတော့တယ်။ ဇောတိကသူဌေးက ရဟန်းပြုပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားတယ်၊ အဲဒီတော့ လေးခုမြောက်ဆုတောင်းလည်း ပြည့်စုံသွားပါတယ်၊

မိမိပိုင်ဆိုင်တဲ့စည်းစိမ်ဥစ္စာတွေကို မိမိမပေးရင် ဘယ်သူမှ နိုင်ထက်စီးနင်းနဲ့ မယူစေနိုင်ရပါလို၏ဆိုတဲ့ ဆုတောင်းရော တောင်းထိုက်ပါတယ်၊ ကိုယ်က ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးဖြစ်နေပြီး လှူချင်တိုင်းလှူ ပေးချင်တိုင်းပေးနေပြီး အနုနည်း အကြမ်းနည်းနဲ့ လာတိုက်လို့ပါသွားရင် စိတ်မချမ်းသာနိုင်ပါဘူး၊ လေးခုမြောက်ဆုတောင်းလည်း တောင်းထိုက်ပါတယ်၊ တောင်းထိုက်တယ်ဆိုတော့ ပေးထားတဲ့လင်္ကာလေး လိုက်ဆိုလိုက်ရအောင်----။

(လင်္ကာ) ကိုယ်မပေးက၊ ဓားပြရန်သူ၊
ဘယ်လိုသူ၊ လုယူမရလို။

အဲဒီတော့ ဇောတိကသူဌေး ပိုင်ဆိုင်တာတွေကို စစ်တပ်နဲ့ လာသိမ်းရင်တောင်မှ ယူလို့မရဘူးဆိုတော့ သူဘယ်လိုဆုတောင်းခဲ့လို့လဲဆိုတာ စတုတ္ထမြောက် နည်းအတိုင်း ဆုတောင်းခဲ့တာပါ၊ ဘယ်အချိန်မှာ ဆုတောင်းခဲ့ တာလဲဆိုတော့ ဝိပဿီဘုရားရှင်

လက်ထက်မှာ ဆုတောင်းခဲ့တာပါ။ ဝိပဿီဘုရားရှင် လက်ထက်တုန်းက သူက ချမ်းသာကြွယ်ဝတဲ့ ရတနာသူဌေးပါပဲ၊ ဝိပဿီဘုရားရှင်အတွက် ကျောက်မျက်ရတနာတွေစီထားတဲ့ ဂန္ဓကုဋိကျောင်းဆောင် ဆောက်ပေးတယ်၊ ဘုရားရှင်အတွက် ကျောင်းဆောင် ဆောက်ပေးရုံတင်မက အဲဒီကျောင်းအတွင်းမှာလည်းပဲ ရတနာတွေကို ပက်ကျဲဖြန့်ထားတယ်၊ တရားလာပြီးတော့ နာတဲ့ပုဂ္ဂိုလ်တွေ တရားနာပြီးရင် အဲဒီရတနာတွေကို လက်နဲ့တဆုပ်ယူသွားတယ်၊ အဲဒီလိုကို ကြွယ်ဝချမ်းသာတယ်၊ အဲဒီလိုကို ပေးကမ်းလှူဒါန်းတယ်၊ ဒါတင်မကသေးဘူး၊ ဘုရားတရားဟောတော့ ပလ္လင်ရှေ့မှာ ခုံလည်းရှိတယ်ပေါ့လေ၊ အဲဒီခုံပေါ်မှာလည်း သခွားသီးလောက်ရှိတဲ့ ပတ္တမြားကို တင်ထားတယ်။ ဘုန်းဘုန်းတို့ မင်းတုန်းမင်း သီပေါမင်းလက်ထက်က ငမောက်ပတ္တမြားဆိုတာ ကြားဖူးကြလား၊ အဲဒီငမောက်ပတ္တမြားဟာ ဂွမ်းပေါ်မှာတင်ထားရင် အဲဒီဂွမ်းဟာ နီရဲသွားတယ်၊ အဲဒီထက်တောင်မှ ပလ္လင်ရှေ့ ခုံပေါ်က ပတ္တမြားရဲ့အရောင်တွေက ဖြာထွက်နေတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်တော်ဟာလည်း ရောင်ခြည်တော် ခြောက်သွယ် ဖြာထွက် ကွန့်မြူးနေတယ်၊ သခွားသီး

လောက်ရှိတဲ့ ပတ္တမြားကလည်း အရောင်တွေ ဖြာထွက်နေတော့ ပိုပြီးတော့ ကြည့်ရ တွေ့ရ မြင်ရတာ သပ္ပါယ်နေတယ်၊ အဲဒီလိုသပ္ပါယ်အောင် ကျောင်းဒကာက လှူထားတယ်၊ တရားနာပြီးပြီဆိုရင် တရားနာ ပရိသတ်တွေက လက်တဆုပ်ဆီ ရတနာတွေကို ယူသွား ကြတယ်၊ အဲဒီတော့ အခုလည်း ထီးအလှူရှင် ဦးတင်ဒွေးဦးတို့ ဒေါ်ခင်ခင်ကြူတို့က ဘာတွေဖြန့်ကျဲထားလဲ၊ ရတနာတွေ ဖြန့်ကျဲထားတယ်၊ စောစောပိုင်းမှာ ကိုငြိမ်းချမ်းက စာရွက်တွေ ဖြန့်ဝေပေးထားတယ်၊ အဲဒီစာရွက်တွေဟာ ရတနာတွေပါပဲ၊ အဲဒီစာရွက်ထဲက လာတဲ့အတိုင်း ကျင့်ရမှာပေါ့၊ အဲဒီတော့ ပုဏ္ဏားတစ်ယောက်က ရတနာတွေကျဲထားတဲ့အထဲက ရတနာလက်တဆုပ်ကို မလိုချင်ဘူး၊ ဘုရားပလ္လင်ရှေ့က သခွားသီးလောက်ရှိတဲ့ ပတ္တမြားကိုပဲ လိုချင်တယ်၊ တရားနာပရိတ်သတ်တွေကတော့ ရတနာတွေ လက်တဆုပ်စီယူပြီးတော့ အိမ်ပြန်ကြပီပေါ့လေ။ အဲဒီပုဏ္ဏားက ဘုရားထံမှာသွားပြီးတော့ ဆွမ်းစားပင့်သလို အလှူအတန်းပင့်သလို ဟန်ဆောင်ပြီးတော့ ပရိသတ်ကို ကျောပေးပြီးတော့ သခွားသီးအရွယ် ပတ္တမြားကြီးကို သူ့အိတ်ထဲကို ထည့်ယူလိုက်တယ်၊ ဘုရားရှင်က ပလ္လင်

ပေါ်မှာ ရှိနေတယ်၊ မြင်နေတယ်၊ ဒါပေမယ့် မပြောဘူး၊ ဘုရားရှင်ဆိုတာက သူခိုးသူခိုးလို့ မအော်ဘူး မပြောဘူး၊ သခွားသီးအရွယ် ပတ္တမြားကြီး ပါသွားတယ်၊ အခိုးခံလိုက်ရတယ်၊ အဲဒါကို ကျောင်းဒကာ အပရာဇိတသူဌေးကြီးက စိတ်မပျက်ဘူး၊ အပြစ်မပြောဘူး၊ အရှင်ဘုရား ဒီသခွားသီး အရွယ် ပတ္တမြားကြီး ပါသွားလို့ ကိစ္စမရှိဘူး၊ ဒီထက်ကြီးတဲ့ ပတ္တမြား တပည့်တော် အိမ်မှာ ရှိသေးတယ်ဘုရား ဆိုပြီး သခွားသီးထက်ကြီးတဲ့ အိမ်မှာရှိတဲ့ ပတ္တမြားကြီးကို ယူလာတယ်၊ အပရာဇိတ သူဌေးရဲ့စိတ်ထားဟာ အင်မတန်မှ စံနမူနာ ယူထိုက်ပါတယ်၊ ခိုးသွားတဲ့ ပုဂ္ဂိုလ်ကိုလည်း အပြစ်မပြောဘူး။ စိတ်လည်း မဆင်းရဲဘူး၊ စိတ်ဓာတ်ကမွန်မြတ်တော့ ဝိပဿီဘုရားရှင်က ကျောင်းဒကာ -- နောင်ဒီလို မဖြစ်အောင် ကိုယ်ပိုင်တဲ့ ပစ္စည်း ကိုယ်မပေးရင် ယူလို့မရအောင် ဆုတောင်း သင့်ပါတယ်လို့ နည်းပေး လိုက်တယ်။

အဲဒီတော့ အပရာဇိတသူဌေးကျောင်းဒကာက ဒုတိယမြောက်အနေနဲ့ သခွားသီးထက်ကြီးတဲ့ ပတ္တမြားကိုလှူတဲ့အခါ ဆုတောင်းသွားတယ်၊ တပည့်တော် ပိုင်ဆိုင်တဲ့ပစ္စည်းကို တပည့်တော်မပေးရင် ဘယ်ပုဂ္ဂိုလ်မှ

ဘယ်နည်းနဲ့မှ မယူနိုင်ရပါလို၏ဘုရား-။ အဲဒီ ဆုတောင်းဟာ ဘုန်းဘုန်းတို့ပြောတဲ့ ဆုတောင်းလေးမျိုး ထဲက စတုတ္ထမြောက်ဆုတောင်းပါပဲ၊ အဲဒီလို ဝိပဿီ ဘုရားရှင်ထံမှာ ပတ္တမြားရတနာကြီး လှူဒါန်းစဉ် အပရာ ဇိတသူဌေးဘဝက ဆုတောင်းခဲ့တဲ့ ဆုတောင်းကြောင့် အခု ဂေါတမဘုရားလက်ထက်မှာ အဲဒီဆုတောင်း ပြည့်သွားတယ်၊ တစ်နံပါတ်ဆုတောင်းလည်း ပြည့်သွား တယ်၊ ပေး၍မကုန် လှူ၍မခမ်း ဇောတိကသူဌေး။ နှစ်နံပါတ်- လှူဒါန်းစဉ်တုန်းက ကြည်ကြည်ဖြူဖြူ လှူဒါန်းတယ်၊ လှူဒါန်းပြီးတဲ့နောက် တတိယအင်္ဂါ အနေနဲ့ အပရစေတနာရော မချို့ယွင်းခဲ့ပါဘူး၊ ဝမ်းမြောက်ဝမ်းသာ အပရစေတနာတွေ ထက်သန်စွာနဲ့ လှူဒါန်းခဲ့ပါတယ်၊ နောက်စတုတ္ထမြောက်အင်္ဂါအနေနဲ့ ဝိပဿီဘုရားရှင် နည်းပေးတဲ့အတိုင်းရော ဆုတောင်း ခဲ့တယ်၊ အဲဒီတော့ ဇောတိကသူဌေးမှာ ဆုတောင်း လေးမျိုးနဲ့ပြည့်သွားပြီ။

တရားစ,ထားတုန်းက တရားနာမည်က ဘာ တဲ့လဲ ဆိုတော့ "ထီးအလှူ ကြီးသူပဖြစ်မြဲ"။ အဲဒီတော့ အကြီးအကဲ မဖြစ်နိုင်ဘူးလား၊ အခု ဒုတိယပိုင်းအနေနဲ့ မြတ်သောဆုတောင်းအရ ဆုတောင်းနည်းလေးမျိုးနဲ့

ဆုတောင်းလိုက်တော့ သူဌေးသူကြွယ်လည်း ဖြစ်သွားတယ်၊ ဒီဘဝတော့ မဖြစ်နိုင်ဘူး၊အဲဒီတော့ မြတ်သောဆုတောင်းနဲ့လည်း ပြည့်စုံသွားပါပြီ၊ လင်္ကာ လေးတွေလည်း စာရွက်ထဲမှာ ဖြန့်ဝေထားတဲ့အတိုင်း တခေါက် ထပ်ပြီး ဆိုကြည့်ပါအုံး------။

၁။ အလှူဒါန၊ မြတ်မေ့၊ နိစ္စပြုရလို။
၂။ ယင်းသို့လှူဒါန်း၊ မကုန်ခန်း၊ သိန်းသန်းဥစ္စာပို။
၃။ သိန်းသန်းလှူလျှင်၊ စိတ်ကြည်လင်၊ ဖြူစင်မြဲစိုစို။
၄။ ကိုယ်မပေးက၊ ဓားပြရန်သူ၊ ဘယ်လိုလူ၊
လုယူမရလို။ *(ရွှေလင်ပန်းဆရာတော်)*

ဒီနေ့အလှူရှင်ဖြစ်တဲ့ ဦးတင်ဌေးဦး+ ဒေါ်ခင်ခင်ကြူတို့ဟာ မိမိတို့ရဲ့ မွေးရပ်မြေဇာတိရွာမှာ ဂန္ဓကုဋိ ကျောင်းဆောင်အသစ် ဆောက်လုပ်လှူဒါန်းတယ်၊ စေတီအသစ် ဇိနမာန်အောင်စေတီတည်တယ်၊ ရွှေထီး အသစ် တင်လှူတယ်၊ ခြေတော်ရာစေတီလည်း နှစ်စဉ် နှစ်တိုင်းဆွမ်းလာကပ်တယ်ဆိုတော့ ကိုယ့်မွေးဖွားရာ မြေမှာလာပြီး ကျေးဇူးဆပ်ရာလည်း ရောက်ပါတယ်။ ကျေးဇူးဆပ်ရာရောက်သွားတဲ့အတွက် ရွာသူရွာသား အနေနဲ့ အလှူရှင်တွေဟာ တာဝန်ကျေသွားတယ်၊ အဲဒီတော့ သူတို့အနေနဲ့ တာဝန်ကျေသလို ရွာသူ

ရှာသားတွေကလည်း သူတို့လှူဒါန်းထားတဲ့ ဘုရားစေတီကျောင်းဆောင်တွေကို မပျက်အောင် ထိန်းသိမ်းသင့်ပါတယ်၊ သူတို့ဆွမ်းကပ်တဲ့အတိုင်း နှစ်စဉ် နှစ်တိုင်းလည်း ခြေတော်ရာကြီးကို ဆွမ်းကပ်သင့်ပါတယ်၊ ဒါကို စာရေး ဆရာကြီးဇော်ဂျီက သင်သေသွားသော်-- ဆိုပြီးတော့ ကဗျာလေးတပုဒ်နဲ့ ရေးပြသွားတယ်။

**သင်သေသွားသော်**

လူ့ပြည်လောက၊ လူ့ဘဝကား။
အိုရနာရ၊ သေရဦးမည်။
မှန်ပေသည်တည်း။
သို့တပြီးကား၊ သင်သေသွားသော်၊
သင်ဖွားသောမြေ၊ သင်တို့မြေသည်၊
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း၊
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊
စေတီသာနှင့်၊ သစ္စာအရောင်၊
ဉာဏ်တန်ဆောင်လည်း၊
ပြောင်လျက်ဝင်းလျက်၊
ကျန်စေသတည်း။ (ဆရာဇော်ဂျီ)

ယခုလည်း ရွှေထီးအလှူရှင်မိသားစုဟာ မိမိရဲ့ မွေးရပ်မြေ ဇာတိရပ်ရွာမှာ ကုသိုလ်ပြန်လည်ပြုရင်း ကျေးဇူးဆပ်ပြီးသား ဖြစ်သွားကြပါပြီ၊ ဒီလို မွေးရပ်မြေ ဇာတိရပ်ရွာမှာ ကုသိုလ်ပြုရတဲ့ စေတနာကံ တရားကြောင့် အမြတ်ဆုံးနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပါစေ၊ မြတ်သောဆုတောင်းနည်း (၄)မျိုးဖြင့် တောင်းသည့် အတိုင်းလည်း ပြည့်စုံစွာ ရရှိကြပါစေကုန်သတည်း။

# ရတနာမြတ်သုံးပါးပူဇော်ပွဲ ဖိတ်ကြားလွှာ

မိဘဘိုးဘွားများအားရည်စူး၍ ဧရာဝတီတိုင်း ဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ သမိုင်းဝင်အံတော်စေတီတော်မြတ်ကြီးတွင် ဂန္ဓကုဋိတိုက်ဆောက်လုပ်လှူဒါန်းပူဇော်ပြီး၊ ယင်းဂန္ဓကုဋိတိုက်၏ အပေါ်တွင်တည်ထားသော "ဇိနမာန်အောင်" စေတီတော်အား ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် မြတ်ဗုဒ္ဓ၏ ပါဒစက်တော်ရာ ဆွမ်းတော်ကြီးကပ်လှူ ပူဇော်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်တော်အထိမ်းအမှတ်အဖြစ် (၁၊ ၂၊ ၂၀၁၇)နေ့ ည(၇)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ စာချနာယကလှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ)-မှ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူမည်ဖြစ်ပါသည်။

## ထီးတော်တင်ပွဲ အခမ်းအနား

နေ့ရက် = ၁၃၇၈-ခုနှစ်၊ တပို့တွဲလဆန်း(၆)ရက်၊ ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်၊ ကြာသပတေးနေ့။

အချိန် = နံနက် (၇)နာရီတိတိ။

နေရာ = ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ သမိုင်းဝင်အံတော်စေတီ၊ ဗုဒ္ဓဟူးထောင့်။

ကြုံတောင့်ကြုံခဲ ကုသိုလ်ပွဲမို့ တက်သူပီတိဖြစ်လိမ့်မည်။
ကုသိုလ်အမှု တူတူပြုလို့ နိဗ္ဗာန်ဖောင်ကြီး စီးစို့ကွယ်။
ယခုပင်လျှင် ကြိုးစားအားထုတ် လုံ့လပြုရပါတော့မယ်။

## မိဘဘိုးဘွားများအားရည်စူး၍ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊

## သမိုင်းဝင် အံတော်စေတီတော်မြတ်ကြီးတွင် ဂန္ဓကုဋိတိုက်ဆောက်လုပ်လှူဒါန်းပူဇော်ခြင်း။ ယင်းဂန္ဓကုဋိတိုက်၏အပေါ်တွင် တည်ထားသော "ဇိနမာန်အောင်"စေတီတော်အား

## ရွှေထီးတော်တင်လှူ ပူဇော်ပွဲနှင့် မြတ်ဗုဒ္ဓ၏ပါဒစက်တော်ရာ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ အခမ်းအနားအစီအစဉ်

(၂၊ ၂၊ ၂၀၁၇) ကြာသပတေးနေ့

၁။ 'နမော တဿ' ဘုရားရှိခိုး (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ရန်၊

၂။ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ-ထံမှ ငါးပါးသီလ ခံယူရန်၊

၃။ သံဃာတော်အရှင်သူမြတ်များမှ မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ရန်၊

၄။ ဇိနမာန်အောင် စေတီတော်တွင် ကပ်လှူပူဇော်မည့် ရွှေထီးတော်အစိတ်အပိုင်းများကို အလှူရှင်များမှ သံဃာတော်များအား ဆက်ကပ်လှူဒါန်းရန်၊

၅။ အလှူရှင်များနှင့် ပရိတ်သတ်များက ရွှေထီးတော်ကို အံတော်စေတီတော်အား လက်ယာရစ် (၃)ပတ် လှည့်လည်ပူဇော်ပြီး ထီးတော်တင်လှူရန်၊

၆။ ဇိနမာန်အောင်စေတီတော်၊ ဂန္ဓကုဋိတိုက်တွင် သီတင်းသုံးစံပယ်မည့် ရုပ်ပွားတော်, စွယ်တော်နှင့် ပါဒခြေတော်ရာများအား အနေကဇာတင်ရန်၊

၇။ သာသနာရေးဦးစီးဌာနမှ အငြိမ်းစားအရာရှိ ဦးစံတင်အောင်-က ရွှေထီးတော်တင်လှူခြင်းနှင့်စပ်၍ ဆိုင်ရာနတ်တို့အား တောင်းပန်ရန်၊

၈။ မြတ်စွာဘုရားရှင်၏ (၁၀၈)ကွပ် စက်လက္ခဏာတော် ဗုဒ္ဓခြေတော်ရာများအား ဆွမ်း,သစ်သီး,ပန်း, ရေချမ်း, ဖျော်ရည်,ဆီမီးတို့ဖြင့် ရှိခိုးပူဇော်ရန်၊

၉။ အလှူရှင်မိသားစုများက သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လှုရတနာဆရာတော်အား ခြေတော်ရာစက်ဝန်းကို ဆက်ကပ်လှူဒါန်းရန်၊

၁၀။ ရန်ကုန်တိုင်းဒေသကြီး ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် နာယက စာချ,လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်, အဂ္ဂမဟာ အကျော်, သ-စ-အ-ဓမ္မာစရိယ၊ဝဋံသကာ, ဝိနယပါဠိပါရဂူ) က ရေစက်ချ အနုမောဒနာ တရား ချီးမြှင့်ရန်၊

၁၁။ 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းရန်။

(အခမ်းအနားအပြီးတွင် အလှူရှင် မိသားစုများက ရွှေမိုး+ငွေမိုးရွာသွန်းရန်)

# မှတ်တမ်းဝင်ပန်းခင်း အလှူများ

## ပထမအကြိမ် မှတ်တမ်းဝင်ပန်းခင်း အလှူများ (၂၀၁၂-ခုနှစ်)

၁။ ရွှေတိဂုံစေတီတော်ကြီးအား ရွှေပြား
ရွှေသက်န်း ၁- ကျပ်သား လှူဒါန်းခြင်း = ၆-သိန်း

၂။ ဘဒ္ဒန္တကုမာရာဘိဝံသ ဖောင်ဒေးရှင်းသို့
လှူဒါန်းခြင်း = ၃-သိန်း

၃။ ဓမ္မစကူး(လ်) ဖောင်ဒေးရှင်းအား
လှူဒါန်းခြင်း = ၅-သိန်း

၄။ ဆရာသမား၊ ဆရာတော်ကြီးများအား
ဆေးလှူဒါန်းခြင်း = ၇-သိန်း

၅။ ကသာမြို့ မီးဘေးဒုက္ခသည်တို့အား
လှူဒါန်းခြင်း = ၅-သိန်း

၆။ ပင့်သံဃာဆရာတော်လေးပါးအား
လှူဒါန်းခြင်း = ၄-သိန်း

၇။ သိကြားချီးကျူး ဘုရားဂုဏ်ထူးများ
စာအုပ်(၄၃၀) လှူဒါန်းခြင်း = ၅-သောင်း၊ ၈-ထောင်

၈။ ကျောင်းတိုက် သံဃာတော်အပါး(၂၅၀)နှင့်
ဧည့်ပရိသတ်တို့အား သက်သက်လွတ်
ဆွမ်းဆက်ကပ်ခြင်း = ၇-သိန်း

စုစုပေါင်း = ၃၇-သိန်း၊ ၅-သောင်း၊ ၈-ထောင်

## ဒုတိယအကြိမ် မုဒိတာပန်းစင်း
## အလှူများ (၂၀၀၃-ခုနှစ်)

၁။ ခမ္မခရီးဖော် စာအုပ်(၁၀၀၀)လှူဒါန်းခြင်း = ၄-သိန်း
၂။ ညောင်တုန်းတိုက် ဆရာတော်ကြီးအား
ဆေးလှူဒါန်းခြင်း = ၂-သိန်း
၃။ မဟာသမယဘာဏက သံဃာတော်များအား
လှူဒါန်းခြင်း = ၃-သိန်း၊ ၅-သောင်း
၄။ ပင့်သံဃာတော်များအား လှူဒါန်းခြင်း
= ၂-သိန်း၊ ၅-သောင်း
၅။ ရန်ကုန် စိန်ရတနာကျောင်းအား လှူဒါန်းခြင်း = ၃-သိန်း
၆။ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာအား
လှူဒါန်းခြင်း = ၂-သိန်း
၇။ ကျောက်ပန်းတောင်းနယ်သို့ ရေလှူဒါန်းခြင်း = ၃-သိန်း
၈။ သံဃာတော်များနှင့် ဧည့်ပရိသတ်များအား
ဆွမ်းကပ်လှူ ဒါန်းခြင်း = ၂-သိန်း
၉။ ခမ္မစကူး(လ်) ဖောင်ဒေးရှင်းအား လှူဒါန်းခြင်း
= ၃-သိန်း

စုစုပေါင်း = ၂၅-သိန်း

## တတိယအကြိမ် မုဒိတာပန်းခင်း
## အလှူများ (၂၀၁၄-ခုနှစ်)

၁။ ဘေးရန်ကင်းပ ချမ်းသာရ စာအုပ်လှူဒါန်းခြင်း = ၄-သိန်း
၂။ ညောင်တုန်းကျောင်းတိုက် ဆရာတော်ကြီးအား
ဆေးလှူဒါန်းခြင်း = ၁-သိန်း
၃။ ဆားလင်းကြီးဆရာတော်ကြီးအား
ဆေးလှူဒါန်းခြင်း = ၁-သိန်း
၄။ မန္တလေးမြို့ ဒေါနခြံဆွမ်းစားကျောင်းအား
လှူဒါန်းခြင်း = ၃-သိန်း
၅။ ရန်ကုန် စိန်ရတနာကျောင်းအား လှူဒါန်းခြင်း = ၂-သိန်း
၆။ အရာတော်မြို့နယ် ငါရဟိုးရွာ အလင်္ကာပန်း
ပရဟိတအသင်းအား လှူဒါန်းခြင်း = ၅-သိန်း
၇။ ဓမ္မစကူး(လ်) ဖောင်ဒေးရှင်းအား လှူဒါန်းခြင်း
= ၂-သိန်း
၈။ အစိုးရစာမေးပွဲ စာဖြေသံဃာတို့အား ဆွမ်းကပ်ခြင်း
= ၃-သိန်း

စုစုပေါင်း = ၂၁-သိန်း

## စတုဒ္ဒသအကြိမ် မှုဒိတာပန်းခင်း အလှူများ (၂၀၁၅-ခုနှစ်)

၁။ ဘဝနှင့်ဆန္ဒ ထပ်တူကြပါစေ စာအုပ်
လှူဒါန်းခြင်း = ၄-သိန်း

၂။ ငါရဟိုးရွာ ထရန်စဖော်မာ (200KVA)
လှူဒါန်းခြင်း = ၁၀-သိန်း

၃။ ကုသသမဂ္ဂအတွင်းရေးမှူးချုပ်(ဟောင်း)
ဦးသန့် စာကြည့်တိုက်အလှူ = ၃-သိန်း

၄။ ကြည့်မြင်တိုင်မြို့နယ် ဘလုပ်ညွှန့်ရွာ
မီးဘေးဒုက္ခသည်တို့အား လှူဒါန်းခြင်း = ၃-သိန်း

၅။ ရန်ကုန် စိန်ရတနာကျောင်းအား
လှူဒါန်းခြင်း = ၃-သိန်း

၆။ ဓမ္မစကူး(လ်) ဖောင်ဒေးရှင်းအား
လှူဒါန်းခြင်း = ၂-သိန်း

၇။ ဦးရာဇိန္ဒ(မောင်မင်းစိုး)အား လှူဒါန်းခြင်း = ၁-သိန်း

၈။ အစိုးရစာမေးပွဲ စာဖြေသံဃာတို့အား
ဆွမ်းကပ်ခြင်း = ၃-သိန်း

စုစုပေါင်း = ၂၉-သိန်း

## ပဌမအကြိမ် မုဒိတာပန်းခင်း အလှူများ (၂၀၁၆–ခုနှစ်)

၁။ ငါးရဟိုးရွာ ရွှေလယ်စေတီ ပြုပြင်ခြင်း = ၁၅-သိန်း

၂။ သရက်တောကျောင်း ဓမ္မာရုံ အလှူ = ၂-သိန်း

၃။ ဗောဓိကျောင်း ဆွမ်းစားကျောင်းအလှူ = ၂-သိန်း

၄။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂုဏပူဇာ = ၁၀-သိန်း

၅။ စိန်ရတနာကျောင်းအလှူ = ၃-သိန်း

၆။ စာဖြေသံဃာတို့အား ဆွမ်းကပ်ခြင်း = ၃-သိန်း

၇။ ရေရှားပါးရာ အရပ်ဒေသသို့ လှူဒါန်းခြင်း = ၅-သိန်း

၈။ ဒုတိယအကြိမ် ထရန်စဖော်မာ လှူဒါန်းခြင်း = ၃၀-သိန်း

၉။ တရားဖက်မှ ချမ်းသာရ စာအုပ်အလှူ = ၂-သိန်း

စုစုပေါင်း = ၇၂-သိန်း

## ဆဋ္ဌအကြိမ် မုဒိတာပန်းခင်း
## အလှူများ (၂၀၁၆-ခုနှစ်)

၁။ မန္တလေးမြို့ ဘုရားကြီးတိုက် သာသနဝိပုလသိမ်
လှူဒါန်းခြင်း = ၂၅-သိန်း

၂။ ပုဂံ လျှောင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီများ
ပြုပြင်ရန် လှူဒါန်းခြင်း = ၂၅-သိန်း

၃။ ရှမ်းပြည် မွေတော်ကက္ကူဘုရားစေတီများ
ပြုပြင်ရန် လှူဒါန်းခြင်း = ၁၀-သိန်း

၄။ စာဖြေသံဃာတော်တို့အား ဆွမ်းကပ်
လှူဒါန်းခြင်း = ၅-သိန်း

၅။ နံ့သာကုန်းရွာ ဆရာတော်ဈာပနစာစောင်အလှူ
= ၁-သိန်း

၆။ ဓမ္မစကူး(လ်) ဖောင်ဒေးရှင်းအား လှူဒါန်းခြင်း
= ၃-သိန်း

၇။ ငါရဟိုးရွာ အလက်ာပန်း ပရဟိတအသင်းအား
လှူဒါန်းခြင်း = ၅-သိန်း

၈။ ရန်ကုန် စိန်ရတနာကျောင်း နဂါးရုံဘုရား
လှူဒါန်းခြင်း = ၃-သိန်း

စုစုပေါင်း = ၇၇-သိန်း

## မုဒိတာပန်းခင်း အလှူများ စုစုပေါင်း

၁။ ပထမအကြိမ် မုဒိတာပန်းခင်း အလှူ
= ၃၇-သိန်း၊ ၅-သောင်း၊ ၈-ထောင်

၂။ ဒုတိယအကြိမ် မုဒိတာပန်းခင်း အလှူ = ၂၅-သိန်း

၃။ တတိယအကြိမ် မုဒိတာပန်းခင်း အလှူ = ၂၀-သိန်း

၄။ စတုတ္ထအကြိမ် မုဒိတာပန်းခင်း အလှူ = ၂၉-သိန်း

၅။ ပဥ္စမအကြိမ် မုဒိတာပန်းခင်း အလှူ = ၇၂-သိန်း

၆။ ဆဋ္ဌအကြိမ် မုဒိတာပန်းခင်း အလှူ = ၇၇-သိန်း

စုစုပေါင်း = ၂၆၁-သိန်း

## ထီးအလှူ ကြီးသူပ ဖြစ်မြဲ

### ပိလိန္ဒဝစ္ဆတ္ထေရာပဒါန်လာ ထီးလှူရကျိုးများ(၈)ပါး

၁။ အပူအချမ်း မရှိခြင်း၊ မသိခြင်း၊

၂။ ကိုယ်၌ မြူကြေးညှင်းမတင် သန့်ရှင်းခြင်း၊

၃။ ဘေးဥပဒ် မရှိခြင်း၊

၄။ စိုးရိမ်းကြောင့်ကြ မရှိခြင်း၊

၅။ သူခပ်သိမ်းတို့ ရိုသေရခြင်း၊

၆။ သိမ်မွေ့နူးညံ့သော အရေအဆင်းရှိခြင်း၊

၇။ စိတ်နှလုံးသန့်ရှင်းခြင်း၊

၈။ အရဟတ္တဖိုလ် ထီးဖြူကို ဆောင်းရခြင်း၊

(လင်္ကာ) ပူချမ်းမသိ၊ ကြေးညှိမတင်၊ ကင်းစင်ရန်ဘေး၊ ကင်းဝေး နှောက်ယှက်၊ မပျက်ရိုသေ၊ အရေနုနယ်၊ စင်ကြယ်နှလုံး၊ ဆောင်သုံးရိပ်ဖြူ ဤရှစ်ဆူသည် ထီးလှူခြင်း၏ အကျိုးတည်း။ (မဟာဝိသုဒ္ဓါရုံဆရာတော်)

## မြတ်သောဆုတောင်း

၁။ အလှူဒါန၊ မြတ်ဓမ္မ၊ နိစ္စပြုရလို။

၂။ ယင်းသို့လှူဒါန်း၊ မကုန်ခန်း၊ သိန်းသန်းဥစ္စာပို။

၃။ သိန်းသန်းလှူလျှင်၊ စိတ်ကြည်လင်၊ ဖြူစင်မြဲစိုးစို။

၄။ ကိုယ်မပေးက၊ ဓားပြရန်သူ၊ ဘယ်လိုလူ၊ လုယူမရလို။

(ရွှေလင်ပန်းဆရာတော်)